# လှိုင်းကြီးလေထန် ကြုံကြွခံ၍

## အမျိုးသမီးရေးအခြေခံသည့် လှုပ်ရှားမှု တည်ဆောက်ခြင်း ၂၅နှစ်တာ ခရီး

မတ်လ ၂၀၂၄ ခုနှစ်



# မာတိကာ


**၁၉၉၉ -၂၀၀၉ လှုပ်ရှားမှု တခု တည်ဆောက်ခြင်း ၄**

အချိန်ဇယား - ၁၉၉၉ ခုနှစ်မှ ၂၀၀၉ ခုနှစ် အထိ ၄

စွမ်းအား ဖွဲ့စည်းကြိစဉ်ကာလ ပြန်လည်အမှတ်ရဖွယ်ရာများ ၆

မုဒိန်းကျင့်ခွင့်လိုင်စင် နောက်ပိုင်းထုတ်ပြန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အစီရင်ခံစာများ ၁၅

သူပြောသည့် စကား ၁၁

မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေး လှုပ်ရှားမှုမှ ရရှိခဲ့သော အောင်မြင်မှုများ နှင့် စိန်ခေါ်မှုများ ၁၃

သူပြောသည့် စကား ၁၆

မိမိတို့၏ အလုပ်တွင် တွေ့ကြုံရသည့် အခြားဖိအားများနှင့် စိန်ခေါ်မှုများ ၂၀

စွမ်းနှင့် စွမ်းအသင်းဝင်တဦးကို နိုင်ငံတကာက ပေးအပ်သည့် ဆုများ ၂၁

**၂၀၁၀ - ၂၀၁၉ လှုပ်ရှားမှုကို အင်အား ပိုမို ခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်ခြင်းနှင့် တိုးချဲ့ခြင်း ၂၂**

အချိန်ဇယား - ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၂၂

အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ ၂၄

သူ ပြောသည့် စကား ၂၇

**၂၀၂၀ - ၂၀၂၄ စိန်ခေါ်မှု အသစ်များအား အံတုခြင်း ၃၄**

အချိန်ဇယား - ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၃၄

ကိုဗစ်နိုင်တင်းကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေ - အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ ၃၆

သူပြောသည့် စကား ၃၈

မြန်မာစစ်တပ်က အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေ - အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ ၄၂

အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ ၄၆

သူပြောသည့် စကား ၄၈

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB နှင့် မြန်မာနိုင်ငံ အမျိုးသမီးလှုပ်ရှားမှုတွင် စွမ်း၏ ပါဝင်ပေးဆပ်ခြင်းများ ၅၂**

**စွမ်း ၏ လုပ်ငန်းစဉ်များအကြောင်း တစေ့တစောင်း ၅၄**

**အလှူရှင်အဖွဲ့အစည်းများ စာရင်း ၅၆**

**အတိုကောက် အသုံးအနှုန်းများ ၅၉**

# ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) ၏စကားလက်ဆောင်

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း၏ ငွေရတုအထိမ်းအမှတ်တွင် တရားမျှတမှုနှင့် တန်းတူညီမျှမှုအတွက် ခံနိုင်ရည်ရှိရှိ အံတုတော်လှန်ပြီး မဆုတ်မနစ် ကြိုးပမ်းလာခဲ့သည့် လှုပ်ရှားမှုတည်ဆောက်ခြင်းခရီး လမ်းကို ပြန်လည်သုံးသပ်မိပါသည်။ ရာစုနှစ်တခု၏ လေးပုံတပုံ ဖြတ်သန်းခဲ့မှုသည် ရှန်းကန်လှုပ်ရှားခြင်း သက်သက် မဟုတ်ခဲ့ပေ။ မိမိတို့ကို နှုတ်ပိတ်ပြီး ဖယ်ရှားဖျောက်ဖျက်ပစ်ရန် ကြိုးပမ်းခဲ့သည့် အင်အားစုများကို  ကြံ့ကြံ့ခံအံတုရန် ခိုင်ခိုင်မာမာ ရပ်တည်ကာ လူ့အဖွဲ့အစည်းတခုအနေဖြင့်လည်းကောင်း၊ လှုပ်ရှားမှု တခုအနေဖြင့်လည်းကောင်း အခက်အခဲများကြားက မိမိတို့ မည်သို့ ရှင်သန်ကြီးထွားလာခဲ့ကြသည်ဆိုသည့် ခရီးလမ်းဖြစ်သည်။

မိမိတို့ လူ့အဖွဲ့အစည်းကို ဒုက္ခမျိုးစုံပေးနေသည့် မတရားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ခြင်းများကြားက စွမ်းအသင်း မွေးဖွားလာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသမီးရေးကို ဦးတည်သည့် အခြေခံမူအပေါ် ခံယူချက်၊ ကျား-မ တန်းတူရေးအတွက် စည်းရုံးလှုံ့ဆော်ချက်၊ မိမိတို့ လူမှုအသိုင်းအဝိုင်း ပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသမီးများကို စွမ်းရည်မြှင့်တင်ဖော်ဆောင်ချက် စသည့် အချက်များကို အခြေခံအုတ်မြစ်အဖြစ် စွဲကိုင်၍  နှစ်ပေါင်းများစွာ ကြံ့ကြံ့ခံ လှုပ်ရှားလာခဲ့ပါသည်။ မိမိတို့ ဤကဲ့သို့ ကြံ့ကြံ့ခံနိုင်ခဲ့ခြင်းသည် အမှောင်ဆုံးသော အချိန်ကာလ အတွင်းမှာပင် စိန်ခေါ်မှုများကို ရင်ဆိုင်ပြီး မဆုတ်မနစ်သည့် ဇွဲလုံ့လဖြင့် ရှေ့ဆက်ခရီးလမ်းကို လမ်းပြပေးကြ သည့် ရှမ်းအမျိုးသမီးများ၏ ရဲစွမ်းသတ္တိနှင့် ခွန်အားများကြောင့် ဖြစ်ပါသည်။

အခက်အခဲများ မည်မျှပင် ကြီးမားခဲ့ပါစေ မိမိတို့၏ အမျိုးသမီးထုကြီးအား စွမ်းရည်မြှင့်တင်ရန်နှင့် ယင်းတို့၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ရန်ဆိုသည့် ဦးတည်ချက်များလည်း ယိမ်းယိုင်သွားခြင်းမရှိခဲ့ပေ။ စွမ်းညီအစ်မများ၊ ရှမ်းအမျိုးသမီးများနှင့် မိမိတို့ ဝန်ဆောင်မှုပေးနေသည့် လူ့အဖွဲ့ အစည်းများ၏ ကြံ့ကြံ့ခိုင်နိုင်မှုများက မိမိတို့အား နေ့စဉ်နေ့တိုင်း ခွန်အားပြည့်ဝစေပါသည်။ ထိုသူတို့သည် စွမ်းအားများ၏ ပြယုဂ်များ ဖြစ်ကြသည့်အပြင် အမှောင်မိုက်ဆုံး အချိန်ကာလမှာပင် မျှော်လင့်ချက် အလင်းတန်းများ ထွက်ပေါ်လာနိုင်ကြောင်း အထပ်ထပ်သက်သေပြနေပါသည်။

၂၅ နှစ်တာ သမိုင်းမှတ်တိုင်ကို မိမိတို့ အားလုံး ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ပြည်သူလူထု ရင်ဆိုင်ခံစားနေကြရသည့် အတိဒုက္ခများကို နိုင်ငံတကာ၏ စိတ်ဝင်စားမှု အာရုံစိုက်မှု ရရှိလာစေခဲ့သည့် သမိုင်း စာမျက်နှာတခုကို ထိုးဖောက်ခဲ့သည့် အစီရင်ခံစာများ ထုတ်ဝေဖြန့်ချိခဲ့ကြသည်က စ၍၊ ထောင်ပေါင်းများစွာသော ပြည်သူလူထုအတွက် အကျိုးပြုပေးနိုင်ခဲ့သည့် ပညာရေး၊ သာယာဝပြောရေး၊ စွမ်းရည်မြှင့်တင်ရေးစသည့် အစီအစဉ်များ အပါအဝင် အောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ပါသည်။ သို့သော် ဤနေရာတွင် အထူးဖော်ပြလိုသည်မှာ မိမိတို့ ဖော်ဆောင်နိုင်ခဲ့သည့် အောင်မြင်မှုများကိုသာ မဟုတ်ဘဲ.... ဤအောင်မြင်မှုများကို မည်ကဲ့သို့ ဖော်ဆောင်ခဲ့ကြသည် ဆိုသည့်အချက် ဖြစ်ပါသည်။ အစိုးရအာဏာပိုင်၏ တရားဝင်ခွင့်ပြုချက်ဖြင့်  အစီအစဉ်ချ ကျူးလွန်ခဲ့ကြသည့် ဖိနှိပ်မှု၊ အကြမ်းဖက်မှုများကို ရင်ဆိုင်ခုခံတွန်းလှန်ရန် မိမိတို့ ရွေးချယ်ခဲ့ကြပါသည်။ သမရိုးကျ တော်လှန်ခုခံခြင်းမျိုး မဟုတ်ဘဲ ပညာရေး၊ အသိဉာဏ်နှင့် မိမိတို့ လူ့အဖွဲ့အစည်း၏ မဆုတ်မနစ်သည့်  စိတ်ဓာတ် အားမာန်များကို အခြေပြု၍ တော်လှန်ခုခံခဲ့ကြခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု၏ အကျိုးဆက်မှာ အကြမ်းဖက်မှု၊ မတည်ငြိမ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ပြန့်ပွားတိုးများလာခဲ့ပြီး အခက်အခဲများ၊ စိန်ခေါ်မှုများ မကြုံစဖူး တိုးများမြင့်မားလာမှုများက မိမိတို့၏ ခုခံတော်လှန်နိုင်စွမ်းကို စမ်းသပ်နေပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မိမိတို့၏ ယုံကြည်ချက်များ၊ ခံယူချက်များ ဆက်လက်ခိုင်မာနေမြဲဖြစ်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီနှင့် အားလုံးအတွက် လူ့အခွင့်အရေးများ ဆက်လက်ဖော်ဆောင်သွားရန် မိမိတို့အတွက် တွန်းအားများ ဖြစ်ပါသည်။ ဤအခြေခံမူများသည် မိမိတို့ မျှော်မှန်းထားသည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ရှမ်းအမျိုးသမီးများ မိမိတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း ခေါင်းဆောင်မှုနေရာတွင် ပိုမိုပါဝင်လှုပ်ရှားလာနိုင်သည့်

အနာဂတ်အတွက် အခရာကျသည့် အချက်များ ဖြစ်ပါသည်။ ဤသည်မှာ “မတရားမှုများ ဆက်လက်ကြီးစိုးနေမှုများအပေါ် နှုတ်ဆိတ်နေမှာ မဟုတ်၊ လက်ပိုက် ကြည့်နေမှာမဟုတ်” ဆိုသည့် မိမိတို့၏ ရှင်းလင်းပြတ်သားသည့် ခံယူချက်များ ဖြစ်ပါသည်။

မိမိတို့ ရှေ့ဆက်ရမည့် ခရီးသည်လည်း ခရီးပန်းတိုင် ဆိုက်ရောက်ရန် အချိန်ကြာဦးမည်ဆိုသည်ကို သတိမူထားပါသည်။ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေမည်ဖြစ်သော်လည်း အခွင့်အလမ်းများနှင့်လည်း ပြည့်နှက်နေမည့် ရှေ့ဆက်ခရီးဖြစ်သည်ဟု ယုံကြည်ပါသည်။ ပိုမိုကြီးမားကျယ်ပြန့်သည့် လှုပ်ရှားမှု၊ ပိုမိုအားကောင်းလာသည့် ကွန်ရက်တို့အတွက် အခွင့်အလမ်းများ အပြင် မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်းရှိ ပြည်သူလူထုတို့၏ လူနေမှုဘဝများ တိုးတက်ပြောင်းလဲရေးအတွက် ထိရောက်သည့် ဝန်ဆောင်မှုများ ဆက်လက်ဖော်ဆောင်ပေးနိုင်မည့် အခွင့်အလမ်းများ ဖြစ်ပါသည်။ မိမိတို့ ဆက်လက်ဖြတ်သန်းကြမည့် နောင် ၂၅ နှစ်တာကာလကိုလည်း မျှော်လင့်ချက်များ၊ စွမ်းရည်မြှင့်တင်မှုများ၊ တိုးတက်ပြောင်းလဲမှုများနှင့် ပြည့်နှက်နေသည့် ရှေ့ဆက်ခရီးဖြစ်သည်ဟု မျှော်မှန်းထားပါသည်။ ထို့အပြင် ရှမ်းအမျိုးသမီးများကို ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ကြသူများအဖြစ် သာမကဘဲ လှုပ်ရှားမှုများ၏ ခေါင်းဆောင် များအဖြစ် အသိအမှတ်ပြုကြသည့် အသိုင်းအဝိုင်းတရပ်၊ အဆိုပါ အသိုင်းအဝိုင်းသည် ပဋိပက္ခများနှင့် ပြည့်နှက် နေသည့် လူမှုအသိုင်းအဝိုင်းမဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့နှင့် ပြည့်နှက်နေသည့် လူမှု အသိုင်းအဝိုင်းဖြစ်လာမည် ဆိုသည့် မျှော်မှန်းချက်ဖြင့် ဆက်လက်ချီတက်သွားကြမည်ဖြစ်သည်။

ဤကဲ့သို့ ပြန်လည်သုံးသပ်ကြသည့် အချိန်သာမယတွင် တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေး အခြေခံမှုများအတွက် ဆက်လက်ရပ်တည်သွားကြမည်ဖြစ်ကြောင်း ထပ်လောင်းကတိသစ္စာပြုပါသည်။ စည်းလုံးညီညွတ်မှုနှင့် စုပေါင်းခေါင်းဆောင်မှုတို့ဖြင့်သာ ဖိနှိပ်မှုများကို ကျော်လွှားကာ အားလုံးအတွက် တောက်ပသည့် အနာဂတ်တရပ် တည်ဆောက်နိုင်မည်ဖြစ်သည်။ ရှေ့ဆက်လျှောက်မည့် လမ်းခရီးတွင် မိမိတို့၏ လူ့အဖွဲ့အစည်းနှင့်အတူ ခိုင်ခိုင်မာမာရပ်တည်ကာ ကြုံတွေ့ရမည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများကို ရင်ဆိုင်အသုံးပြုသွားမည် ဟု ကတိကဝတ်ပြုပါသည်။ အားလုံးနှင့်အတူတူ မိမိတို့၏ ဖြတ်သန်းမှုသမိုင်းတည်ဆောက်ရင်း အမျိုးသမီးများနှင့် ဖိနှိပ်မှုများကို ရင်ဆိုင်နေကြရသူများ၏ အခွင့်အရေးနှင့် အမြင်သဘောထားများကို လေးစားအသိအမှတ်ပြုသည့် အနာဂတ်တရပ်ကို တည်ဆောက်သွားနိုင်မည် ဖြစ်သည်။

ကမ္ဘာတဝှမ်းမှ လူမှုအသိုင်းအဝိုင်းများ၊ ထောက်ခံအားပေးသူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မဟာမိတ်များအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ သင်တို့၏ ယိမ်းယိုင်သွားခြင်းမရှိသည့် ထောက်ခံအားပေး ကူညီမှုများသည် မိမိတို့၏ အသက်သွေးကြောပင်ဖြစ်သည့်အပြင် စိန်ခေါ်မှုအများဆုံး ရင်ဆိုင်နေခဲ့ရသော အချိန်ကာလများမှာပင် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေခဲ့ပါသည့် ခွန်အားများဖြစ်သည်။ အားလုံးအတွက် တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့ကို လူသားအားလုံး တွေ့ကြုံခံစားခွင့်ရစေနိုင်မည့် ကမ္ဘာတခု တည်ဆောက်ရန် စိတ်အားထက်သန်မှုရစေပါသည်။ ဤကဲ့သို့သော ခရီးလမ်းတလျှောက် ပါဝင်လာခဲ့ခြင်းနှင့် မဆုတ်မနစ်သော အားပေးကူညီမှုတို့အတွက် အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

သန္နိဋ္ဌာန်များ၊ မျှော်လင့်ချက်များဖြင့် -
ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း ညီအစ်မများ
(စွမ်း ညီအစ်မများ)

# ၁၉၉၉ – ၂၀၀၉
# လှုပ်ရှားမှုတခု တည်ဆောက်ခြင်း

## ၁၉၉၉

### စွမ်းကို မတ်လ ၂၈ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခြင်း

- စွမ်းစင်တာကို ဆက်သွယ်ရေး တာဝန်ခံ ဝန်ထမ်းတဦးဖြင့် ဖွင့်လှစ်ခြင်း
- ထိုင်း-ရှမ်းနယ်စပ်တွင် ကျန်းမာရေးစင်တာတခု ဖွင့်လှစ်ခြင်း
- ရှမ်းအမျိုးသမီးငယ်များအား စည်းရုံးကာ ချိတ်ဆက်ထားသည့် NGO များတွင် လေ့ကျင့်ပေးခြင်း
- စွမ်း၏ အဖွဲ့အစည်းအတွင်း အလုပ်သင် အစီအစဉ်ကို အမျိုးသမီးငယ်သုံးဦးဖြင့် စတင်ခြင်း
- ဒီဇင်ဘာလ ၉ ရက်နေ့၌ စွမ်းအပါအဝင် မြန်မာပြည်မှ အမျိုးသမီးအဖွဲ့အစည်း ၁၂ ဖွဲ့က အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို တည်ထောင်ခြင်း

## ၂၀၀၀

- ပညာရေးလုပ်ငန်းစဉ်ကို Jurist Refugee Service (JRS) အကူအညီဖြင့် စနစ်တကျ စတင်ကာ ကလေးသူငယ်များနှင့် အရွယ်ရောက်သူများအတွက် ပုံမှန်ပညာရေး ပြင်ပကျောင်း ၆ ကျောင်း ဖွင့်ခြင်း


## ၂၀၀၁

- အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော အမျိုးသမီးများအား ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်ကို ချင်းမိုင်မြို့တွင် စတင်ခြင်း
- စွမ်း၏ ပထမဦးဆုံးအကြိမ် အဖွဲ့အစည်းအား ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းကို ပြုလုပ်ခဲ့ပြီး၊ အသင်းအဖွဲ့ အခြေပြု ပုံစံကို အသိအမှတ်ပြုခြင်း
- နိုင်ငံတကာအဆင့် စည်းရုံးလှုံ့ဆော်ရေးတွင် စွမ်း၏ အသင်းဝင်များ ပိုမိုပါဝင်လာခြင်း

## ၂၀၀၂

### သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နှင့် ပူးပေါင်းရေးသားထားသည့် မုဒိန်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာအား ထုတ်ခြင်း

- စွမ်း၏ လှုံ့ဆော်စည်းရေး အလုပ်အဖွဲ့ကို စတင်ဖွဲ့စည်းခြင်း
- "မြန်မာနိုင်ငံအတွင်း မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေး" လှုပ်ရှားမှု စတင်ခြင်း
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ဒုတိယညီလာခံ သက်တမ်းတွင် စွမ်း၏ ဝါရင့်အဖွဲ့ဝင်တဦးသည် အထွေထွေ အတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရခြင်း



## ၂၀၀၃

- APWLD အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ကွန်ရက်များ၏ အားကောင်းမောင်းသန် ကူညီမှုများဖြင့် မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေး စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများအား နိုင်ငံတကာအဆင့်အဖြစ် ကမ္ဘာတဝှမ်းတွင် တိုးမြှင့် ဆောင်ရွက်ခြင်း
- အလုပ်သင်အစီအစဉ်အား တိုးချဲ့ကာ ရှမ်းအသိုင်းအဝိုင်းမှ အမျိုးသမီးငယ် ခြောက်ဦးအား တနှစ်ကြာ လေ့ကျင့်ပေးခြင်း
- အလုပ်သင်အစီအစဉ်နှင့် တွဲဖက်ကာအမျိုးသမီး စွမ်းရည်မြှင့်တင်ရေး အစီအစဉ်ကို စတင်ခဲ့ပြီး အတတ်ပညာပိုင်း ကျွမ်းကျင်မှု သင်တန်းများ၊ အမျိုးသမီး လူ့အခွင့်အရေးအလုပ်ရုံ ဆွေးနွေးပွဲများအား အစဉ်တဆက်စီစဉ်ခြင်း
- စွမ်း၏ ဝက်ဆိုက်ကို စတင်ထုတ်လွှင့်ခြင်း
- ရပ်ရွာအခြေပြု အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော အမျိုးသမီးများအား ကူညီထောက်ပံ့ရေး ဒုတိယ စင်တာကို  ထိုင်း-မြန်မာနယ်စပ်တွင် ဖွင့်လှစ်ခြင်း

## ၂၀၀၄

- ထိုင်း-မြန်မာနယ်စပ် ဝေးလံခေါင်သီသည့် ဒေသများတွင် နေထိုင်ကြသည့် ရှမ်းဒုက္ခသည်များအတွက် ကျေးလက် ကျန်းမာရေးစင်တာ တခု ဖွင့်လှစ်ခြင်း
- "မြန်မာနိုင်ငံအတွင်း မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေး" အတွက် နိုင်ငံတကာလှုံ့ဆော် စည်းရုံးရေး လှုပ်ရှားမှုအား ကမ္ဘာတဝှမ်းတွင် အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ခြင်း

## ၂၀၀၅

- ဒိန်းမတ်-မြန်မာကော်မတီမှတဆင့် ဒိန်းမတ် နိုင်ငံခြားရေး ဝန်ကြီးဌာန/DANIDA ကကူညီ ထောက်ပံ့သည့် ပညာရေးလုပ်ငန်းစဉ် အတွက် စက္ကူအရုပ် ထုတ်လုပ်ရေး အပါအဝင် ရန်ပုံငွေရှာဖွေရေး စီမံကိန်းများ ဆောင်ရွက်ခြင်း
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် အတူ "Peter Gruber အမျိုးသမီး အခွင့်အရေးဆု" ကို ရရှိခြင်း
- စွမ်းအဖွဲ့ဝင် တဦးသည် "Reebok လူ့အခွင့်အရေးဆု" အပါအဝင် ဆုပေါင်းများစွာ ရရှိခြင်း




## ၂၀၀၆

- ပညာရေးလုပ်ငန်းစဉ်အတွက် ဒိန်းမတ်-မြန်မာ ကော်မတီက ပေးအပ်သည့် ငါးနှစ်တာ ဘဏ္ဍာရေး ကူညီထောက်ပံ့မှု ရရှိခြင်း
- အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်ကို  တိုးချဲ့ဆောင်ရွက်ခြင်း
- အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအား ပထမဆုံး ကျင်းပခြင်း
- ဂျန်ဒါတန်းတူမှုနှင့် ပတ်သက်သည့် လူထုအတွက်ဦးတည်သော သီးသန့် လှုပ်ရှားမှုများ စတင် ဆောင်ရွက်ခြင်း
- ထိုင်းနိုင်ငံ ချင်းဟိုင်းမြို့ ရာဂျာဘတ်တက္ကသိုလ်က ပေးအပ်သည့် "The Best Practice Award"ကို စွမ်းအဖွဲ့ဝင် တဦး ရရှိခြင်း

## ၂၀၀၇

- အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်အတွက် Austcare က အပြည့်အဝ ကူညီထောက်ပံ့ခဲ့သောကြောင့် စွမ်းသည် ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ စစ်ဒုက္ခသည်စခန်းများတွင် အမျိုးသမီး နှီးနှောဖလှယ်ပွဲများ စတင်နိုင်ခဲ့ခြင်း
- နယ်စပ်ဖြတ်ကျော် အကူအညီများ ပေးအပ်ရန်နှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ အဓိကအားဖြင့် စွမ်းအား ကူညီထောက်ပံ့ရန်အတွက် ဗြိတိန်နိုင်ငံ အောက်လွှတ်တော် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က DFID ထံ အကြံပြုထောက်ခံခဲ့ခြင်း
- နော်ဝေနိုင်ငံရှိ ကျောင်းသားများအားလုံးက ပေးအပ်သည့် "၂၀၀၇ ခုနှစ် ကျောင်းသား ငြိမ်းချမ်းရေးဆု" ကို စွမ်းအဖွဲ့ဝင် တဦး ရရှိခြင်း

## ၂၀၀၈

- ရှမ်းလူထုအား စွမ်းရည်မြှင့်တင်ပေးရန်အတွက် "ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ နေရာမဲ့ ရှမ်းလူမျိုးများ၏ အားနည်းချက်များ လျှော့ချရေး" ဆိုသည့် ခေါင်းစဉ်ဖြင့် DFID မှ ပေးအပ်သည့် ဘဏ္ဍာရေး ထောက်ပံ့မှုကို စွမ်းအနေဖြင့် တိုက်ရိုက်ရရှိခြင်း
- "Jeane J. Kirkpatrick Award" နှင့် "Vital Voices Global Partnership Award"  ဆုများကို စွမ်းအဖွဲ့ဝင်တဦး ရရှိခြင်း

## ၂၀၀၉

- စွမ်း၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကျင်းပခြင်း
- စွမ်းဝက်ဆိုက်အား အင်္ဂလိပ်၊ ထိုင်း၊ ရှမ်း၊ မြန်မာ အစရှိသည့် ဘာသာစကား လေးမျိုးဖြင့် ထုတ်လွှင့်ခြင်း
- စွမ်းက ဖွင့်လှစ်ထားသည့် စာသင်ကျောင်းများမှ အောင်မြင်သည့် ကျောင်းသူကျောင်းသားများသည် ထိုင်းပညာရေးစနစ်အောက်ရှိ ကျောင်းများသို့ ဆက်လက် တက်ရောက်ခွင့်ရခြင်း
- မိဘမဲ့ သို့မဟုတ် နွမ်းပါးသည့် မိသားစုမှ ကျောင်းသူကျောင်းသားများအတွက် စွမ်း၏ ပညာသင်ဆု အစီအစဉ် စတင်ခြင်း
- စွမ်း၏ "ဟျန်းစိုင်ယင်း/မေ့စွမ်းအား" ရေဒီယိုအစီအစဉ်အား MAP ရေဒီယိုအသံလွှင့်ဌာနမှ ပထမဆုံး စတင်ထုတ်လွှင့်ခြင်း


ၸုမ်းၵပ်းသၢၼ်ႇ ပွင်ႈၶၢင်း ယိင်း တႆး
ၸုမ်းၵပ်းသၢၼ်ႇ
ပွင်ႈၶၢင်းယိင်းတႆး

# စွမ်း အား ဖွံ့စည်းကြံစဉ်က ပြန်လည်အမှတ်ရဖွယ်ရာများ

၁၉၉၉ ခုနှစ် မတ်လ ၂၈ ရက်နေ့ - နံနက်တွင် အသက်အရွယ် အမျိုးမျိုး နောက်ခံနယ်ပယ် အသီးသီးက ရှမ်းအမျိုးသမီး ၄၀ ဦး ခန့်သည် ချင်းမိုင်ခရိုင် ထိုင်း-ရှမ်းနယ်စပ်ရှိ ခြံတခြံတွင် တွေ့ဆုံခဲ့ကြပြီး **“ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်း/စွမ်း”** ဟုခေါ်တွင်သည့် အမျိုးသမီးအဖွဲ့အစည်းအား ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။



# ဤအမျိုးသမီးများသည် မည်သူများနည်း

၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း ထိုင်း-မြန်မာနယ်စပ်၊ ထိုင်းနိုင်ငံ ပိန်းလုံ၊ ချင်းဟိုင်း၊ မယ်ဟောင်ဆောင်၊ ချင်းမိုင်၊ ဘန်ကောက် အစရှိသည့် ဒေသများနှင့် ရှမ်းပြည်နယ်မှ တက်ကြွလှုပ်ရှားသူ အမျိုးသမီးများ ဖြစ်ကြသည်။

## စွမ်း မဖွဲ့စည်းခင်က ဤအမျိုးသမီးများ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

- စာတတ်မြောက်ရေး သင်တန်းများ အပါအဝင် ရှမ်းဒုက္ခသည်များ၏ သားသမီးများ အခြေခံပညာရေး အခွင့်အလမ်းများ ရရှိရန်အတွက် ပုံမှန်ပညာရေးပြင်ပ ကျောင်းများ ဖွင့်လှစ်ပေးခြင်း
- အခြေခံကျန်းမာရေးဆိုင်ရာ ပညာပေးရေးနှင့် အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် အသိပညာများပေးခြင်း
- ရှမ်းရွှေ့ပြောင်းအလုပ်သမားများ၊ အသိအမှတ် မပြုခံရသည့် ဒုက္ခသည်များ၊ မြန်မာနိုင်ငံမှ ဒုက္ခသည်များ၏ လက်တွေ့လိုအပ်ချက်များအား ကူညီ ဆောင်ရွက်ပေးခြင်း
- မြန်မာစစ်တပ်က ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များ ကောက်ယူမှတ်တမ်းတင်ခြင်း
- ရှမ်းစာပေနှင့် ယဉ်ကျေးမှုအား မြှင့်တင်ခြင်း၊ ရှမ်းစာပေ ကျောင်းသုံး စာအုပ်များ၊ ပိုစတာများ ထုတ်ဝေခြင်း

## အဘယ်ကြောင့် စနစ်ကျသည့်အသင်းအဖွဲ့ ဖွဲ့စည်းခဲ့ ကြရသနည်း

- ရှမ်းအမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လက်တွေ့ကျကျ အရေးပါသည့် လိုအပ်ချက်များအား ထိထိရောက်ရောက် ပိုမိုဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ရန်
- ရှမ်းပြည်နယ်မှ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာကြရပြီး အတိဒုက္ခ ရောက်နေကြရသည့် ရှမ်းဒုက္ခသည်များ၏ အခွင့်အရေးကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်၊ မြန်မာစစ်တပ်က အစီအစဉ်ချ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ၎င်းတို့က ရှမ်းလူထုအပေါ် ထားရှိသည့် ကြမ်းတမ်းဆိုးရွားလှသည့် မူဝါဒများအား ဖော်ထုတ်ရန်
- မြန်မာနိုင်ငံမှ အခြားသော အမျိုးသမီးအဖွဲ့အစည်းများအပြင် မြန်မာနိုင်ငံတွင် လူမှုရေးနှင့် နိုင်ငံရေး အပြောင်းအလဲ ဖြစ်ပေါ်လာရန်အတွက် ဒေသတွင်း၊ နိုင်ငံတွင်း၊ နိုင်ငံတကာတွင် စည်းရုံးလှုံ့ဆော်နေကြသည့် အမျိုးသမီးများနှင့် လက်တွဲချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါသည်။



# အဖွဲ့အစည်း တည်ထောင်သည့် အစည်းအဝေးမှ အဓိက ရလဒ်များ



- အသင်း အမည်၊ အသင်း၏ ရည်မှန်းချက်နှင့် သင်္ကေတ (သိုင်းကနေသည့် "ကိန္နရီ" ပုံ) များကို သဘောတူခြင်း
- ပြင်ပ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ လွှမ်းမိုးမှုမှ လွတ်ကင်းပြီး သီးခြား လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်သွားရေးကို သဘောတူခြင်း
- အသင်းအတွက် အလျားလိုက် ဖွဲ့စည်းပုံကို အသုံးပြုကာ အားလုံး တန်းတူရည်တူမှု ရှိသည့် အဖွဲ့ပုံစံဖြင့် လုပ်ကိုင်ရန် သဘောတူခြင်း
- စွမ်းအား လူမှုအသိုင်းအဝိုင်း တခုအတွက်ဦးတည် ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်စေရန် ဆုံးဖြတ်သည်။ အမျိုးသမီးများနှင့် ၎င်းတို့ လူမှုအသိုင်းအဝိုင်းအတွက် အကောင်းဆုံးသော အကျိုးစီးပွားနှင့် ဘေးကင်းလုံခြုံရေးတို့ကို ဦးစားပေးကာ အဆင့်တိုင်းတွင် ၎င်းတို့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိစေရန် ရည်ရွယ်သည်။

လူအများက မိမိတို့၏ အလျားလိုက်ဖွဲ့စည်းပုံနှင့် "ဥက္ကဋ္ဌ"၊ "ဒုတိယ ဥက္ကဋ္ဌ"၊ "အထွေထွေ အတွင်းရေးမှူး" အစရှိသည့် အဆင့်ဆင့်သော ရာထူးများ မရှိသည့် အကြောင်းကို သိကြသည့်အခါ

"ဒီအဖွဲ့က ဘယ်လိုအဖွဲ့လဲ။ ခေါင်းဆောင်မရှိ နောက်လိုက်မရှိ ဘဲနဲ့ ဘယ်လို လမ်းကြောင်း မှန်မှန် သွားနိုင်မှာလဲဟ" ဟု အများဆုံး တုံ့ပြန်ပြောဆိုကြ ပါသည်။

မိမိတို့ ရှမ်းလူထု၏ ယဉ်ကျေးမှုနှင့် ထုံးတမ်း အစဉ်အလာ တန်ဖိုးထားမှုများအရ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးနှင့် ဘာသာရေး တို့တွင် အမျိုးသားများနှင့် အမျိုးသမီးများ အတူ လက်တွဲလုပ်ကိုင်ကြသည် ဖြစ်သော ကြောင့် "ဘာဖြစ်လို့ အမျိုးသမီးတွေချည်းပဲ ပါတဲ့ အဖွဲ့ကို ဖွဲ့ကြတာလဲ" ဆိုသည့် မေးခွန်း ကိုလည်း အမေးများကြပါသည်။

**စွမ်းဖွဲ့စည်း တည်ထောင်ခြင်း အပေါ် မိမိတို့ လူမှု အသိုင်းအဝိုင်း၏ သဘောထားများ**

အခြား အမျိုးသမီးအဖွဲ့များ ဖွဲ့စည်းပြီးကြ သည့်အခါ အဆိုပါ အမျိုးသမီးအဖွဲ့ဝင်များ အနေဖြင့် အရက်သောက်၊ ဆေးလိပ် သောက်ကြသည့် အမျိုးသားများအပေါ် စတင် ဝေဖန်တတ်ကြသည်ကို အများက ကြားဖူးကြသဖြင့် အမျိုးသားများနှင့် ထိပ်တိုက်တွေ့မည်ကို စိုးရိမ်ကြသည်။

ရှမ်းပြည်နယ်မှ လူထုအားလုံးအတိဒုက္ခ ရောက်နေကြသည့်ချိန်တွင် စွမ်းက "အမျိုးသမီးများ သီးသန့်" အတွက်သာ အလုပ်လုပ်ကြလိမ့်မည်ဟူသော "ယူဆချက်" အပေါ် မိမိတို့ လူမှုအသိုင်း အဝိုင်းက စိတ်မသက်မသာ ဖြစ်ကြသည်။

# သူပြောသည့် စကား




## နွမ်းဆိုင်

**ညှိနှိုင်းဆောင်ရွက်ရေးမှူး ဟောင်းနှင့်
လက်ရှိဘုတ်အဖွဲ့ဝင်**

၂၀၀၁ ခုနှစ် စွမ်းမှာ ကျမ ညှိနှိုင်းဆောင်ရွက်ရေးမှူး
အဖြစ် စလုပ်တုန်းက အချိန်ပြည့်ဝန်ထမ်းဆိုလို့
နှစ်ယောက်ပဲရှိတာ။ ကျမတို့က အလုပ်သင်ခြောက်
ယောက်နဲ့အတူ စင်တာမှာ နေကြတယ်။ ရှမ်းပြည်နယ်
အနှံ့အပြားက လာကြတဲ့ အလုပ်သင်တွေလေ။

အဲဒီတုန်းက စွမ်းမှာ ဘဏ္ဍာရေး အကန့်အသတ်
ရှိနေသေးတယ်။ ရှမ်းအသိုင်းအဝိုင်းက ညအိပ်ညနေ
ဧည့်သည်တွေ လာပြီဆိုရင် သူတို့ စားဖို့သောက်ဖို့
အတွက် ကျမတို့ ဝန်ထမ်းတွေကပဲ ကိုယ့်အိတ်ထဲက
ထုတ်ပြီး အကုန်အကျခံရတယ်။ အထူးသဖြင့်
ကျမပေါ့။ ရုံးမှာက အပိုသုံးဖို့ရန်ပုံငွေ မရှိဘူး။
စွမ်းစင်တာရဲ့ လုပ်ငန်းလည်ပတ်တဲ့ စရိတ်အားလုံး
ကာမိအောင်ဆိုပြီး ရှမ်းရိုးရာဝတ်စုံတွေ ချုပ်ပြီးတော့
ရန်ပုံငွေ ရှာရတယ်။ ရှမ်းနဲ့ လူငယ်ကွန်ရက် အဖွဲ့အစည်း
တွေ ကျင်းပတဲ့ အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ သင်တန်းတွေ
မှာ အကျွေးအမွေး ဝန်ဆောင်မှုတွေ လုပ်ကြရတယ်။
ဒါ့အပြင် ရှမ်းရိုးရာပွဲလမ်းတွေ ရှိတဲ့အခါ ကျန်းမာရေး၊
လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် အသိပညာပေး
တာတွေလုပ်ရင်း ရှမ်းရိုးရာဝတ်စုံတွေ၊ အစားအသောက်
တွေ ရောင်းရတယ်။ ကျမတို့မှာ ရန်ပုံငွေ လုံလုံ
လောက်လောက်မရှိတော့ အဖွဲ့ရဲ့ လှုပ်ရှားမှုအတွက်
ဝင်ငွေရအောင် မဖြစ်မနေ ရှာရတာပေါ့။




# မုဒိန်းကျင့်ခွင့်လိုင်စင်

၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်ကာလအတွင်း ရှမ်းပြည်နယ်၌ မြန်မာစစ်သားများက မိန်းကလေးနှင့် အမျိုးသမီးစုစုပေါင်း ၆၂၅ ဦးအပေါ် ကျူးလွန်ခဲ့သော မုဒိန်းမှုအပါအဝင် အခြားသော လိင်အကြမ်းဖက်မှုပုံစံများ စုစုပေါင်း ၁၇၃ မှု

**မုဒိန်းမှုများ၏ ၈၃ ရာခိုင်နှုန်းကို**

အရာရှိများက ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အများအားဖြင့် ၎င်းတို့ တပ်သားများရှေ့တွင်ပင် ကျူးလွန်ခဲ့

**မုဒိန်းမှုများတွင်**

လူမဆန်စွာ ပြုကျင့်သည့်အပြင် ရိုက်နှက်ခြင်း၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းစေရန် ပြုလုပ်ခြင်း၊ လည်ပင်းညှစ်ခြင်း အစရှိသည့် နှိပ်စက်ညှဥ်းပန်းမှုများလည်း ပါဝင်

**မုဒိန်းမှုများ၏ ၂၅ ရာခိုင်နှုန်းတွင်**

ကျူးလွန်ခံရသူများ အသက်သေဆုံးခဲ့ရ

**မုဒိန်းမှုများ၏ ၆၁ ရာခိုင်နှုန်းသည် အုပ်စုဖွဲ့ ကျူးလွန်ခဲ့ခြင်းဖြစ်၊**

အချို့အမှုများတွင် အမျိုးသမီးများအား လေးလခန့်အထိ ဖမ်းဆီးထားပြီး အကြိမ်ကြိမ် မုဒိန်းကျင့်ခဲ့ကြ

**မှတ်တမ်းတင်ထားသည့် ဖြစ်စဉ် ၁၇၃ ခု အနက် အမှုတမှုတွင်သာ ကျူးလွန်သူအား ၎င်း၏ အထက်အရာရှိက အပြစ်ပေးခဲ့သည်။**

## မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေး လှုပ်ရှားမှု၏ ရလဒ်အဖြစ် ရရှိခဲ့သော

- စွမ်းနှင့် ဒေသတွင်း ရှမ်းလူထုအကြားရှိ အမျိုးသမီးများအတွက် စိတ်ဓာတ်ခွန်အား မြင့်တက်လာသည်။
- ရှမ်းပြည်နယ်အတွင်း အခြေအနေများနှင့် ပတ်သက်၍ ထိုင်းလူထုအကြား ပိုမိုသိရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရှမ်းဒုက္ခသည်များအား အကာအကွယ်ပေးရေးအတွက် လှုံ့ဆော်စည်းရုံးနိုင်ရန် အထောက်အပံ့ဖြစ်စေသည်။
- မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ အခြေအနေ အထူးသဖြင့် အမျိုးသမီးများ၏ အခြေအနေကို ပိုမိုသိရှိစေသည်။
- မိမိတို့လူထုအား အကျိုးပြု၊ ကူညီထောက်ပံ့နိုင်စေရန် စွမ်းအတွက် ဘဏ္ဍာရေး အထောက်အပံ့များ ပိုမိုရရှိစေသည်။
- စွမ်းအသင်းဝင် တဦးတယောက်ချင်းစီ၏ စွမ်းဆောင်ရည်နှင့် တဖွဲ့လုံး၏ စွမ်းဆောင်ရည်များ - ဥပမာအားဖြင့် မီဒီယာ၊ စည်းရုံးလှုံ့ဆော်ရေး၊ စေ့စပ်ညှိနှိုင်းရေး၊ လူဘုံအလယ်စကားပြောခြင်း၊ နိုင်ငံတကာ ဆွေးနွေးပွဲ အတွေ့အကြုံ အစရှိသည့် ကျွမ်းကျင်မှုများ တိုးတက်လာခဲ့သည်။
- APWLD ၏ အကူအညီဖြင့် နိုင်ငံတကာ အမျိုးသမီးများ ကွန်ရက်များဖြင့် ချိတ်ဆက်နိုင်ခဲ့သည်။
- (အမျိုးသားများ ကြီးစိုးသည့်) ရှမ်းအတိုက်အခံလောကနှင့် ပြည်ပရောက် အတိုက်အခံ ဒီမိုကရေစီအရေး လှုပ်ရှားမှုများအကြားတွင် စွမ်းအား အသိအမှတ်ပြု လေးစားမှု များပြားလာခဲ့သည်။
- စွမ်းနှင့် စွမ်းအသင်းဝင်တဦးသည် နိုင်ငံတကာက ပေးအပ်သည့် ဆုပေါင်းများစွာ လက်ခံရရှိခဲ့သည်။

## အဆိုပါ လှုပ်ရှားမှုတွင် ရင်ဆိုင်ခဲ့ရသည့် အခက် စိန်ခေါ်မှုများ


- ထင်ပေါ်ကျော်ကြားမှုနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရခြင်း
- မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေးကို နိုင်ငံတကာအဆင့်သို့ ထိရောက်စွာ ထိုးဖောက်စည်းရုံးလှုံ့ဆော်ရာတွင် မြေပြင်ရှိ မုဒိန်းမှုမှ ရှင်သန်ကျန်ရစ်သူများ၏ ကောင်းကျိုးကို ကာကွယ်စောင့်ရှောက်ရေးနှင့် ဟန်ချက်ညီစေရန် ချိန်ထိုး ဆောင်ရွက်ရခြင်း

**ဤစိန်ခေါ်မှုများသည် စွမ်းအတွက် အရေးပါသည့် သင်ခန်းစာများ ဖြစ်ခဲ့သည့်အပြင် အဖွဲ့အစည်း၏ အခြေခံမှုများ၊ ရည်မှန်းချက်များ ပိုမိုရှင်းလင်းပြတ်သားလာပြီး ရှမ်းလူထု ရှမ်းလူမှုအသိုင်းအဝိုင်း၏ အကျိုးစီးပွားများအတွက် ကောင်းစွာ ကိုယ်စားပြုနိုင်ခဲ့ပါသည်။**


# မုဒိန်းကျင့်ခွင့်လိုင်စင် နောက်ပိုင်း ထုတ်ပြန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အစီရင်ခံစာများ





**April 2004**
ကရင်အမျိုးသမီး
အစည်းအရုံး




**September 2004**
အမျိုးသမီးများအဖွဲ့ချုပ်
(မြန်မာနိုင်ငံ)




**July 2005**
By Woman and Child Rights Project (Southern Burma) & Human Rights Foundation of Monland (Burma)




**March 2007**
By Women's League of Chinland



# သူပြောသည့် စကား

## နွမ်းဆိုင်

ညှိနှိုင်းဆောင်ရွက်ရေးမှူး ဟောင်းနှင့် လက်ရှိဘုတ်အဖွဲ့ဝင်

သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နဲ့ စွမ်း ပေါင်းပြီး မုဒိန်းကျင့်ခွင့်လိုင်စင်ကို ထုတ်ပြီးတဲ့နောက်မှာ အဖွဲ့ အစည်းအနေနဲ့ကျမတို့ လုံခြုံရေးအရ ခြိမ်းခြောက်တာတွကို အများကြီးခံခဲ့ရတယ်။ စွမ်းကို ပိတ်ပစ်ဖို့ အမိန့်ရတဲ့ ညအကြောင်းကို ကျမ ကောင်းကောင်း မှတ်မိနေသေးတယ်။ မိုးတွေ အရမ်းသည်းနေတဲ့ ညလေ။ စွမ်းက စီနီယာအသင်းဝင်နှစ်ယောက် ရောက်လာပြီး ရုံးကို ဝင်စီးနင်းမှာ စိုးရိမ်ရလို့ အထုပ်အပိုးတွေ ပြင်ပြီး နေရာရွှေ့ကြဖို့အတွက် ကျမတို့ကိုပြောတယ်။ ကျမတို့လည်း ပစ္စည်းတွေကို သေတ္တာတွေ ပုံးတွေထဲထည့်တယ်။ “မုဒိန်းကျင့်ခွင့် လိုင်စင်” စာအုပ်တွေနဲ့တခြား အရေးကြီး စာရွက်စာတမ်းတွေလည်း ပါတာပေါ့။ ချင်းမိုင် အခြေစိုက် NGO က မိတ်ဆွေတွေ၊ စွမ်းရဲ့ တက်ကြွတဲ့ စေတနာ့ဝန်ထမ်းတွေရဲ့ ကျေးဇူးကြောင့် ကျမတို့ အလုပ်သင်တွေကို စွမ်းကဖွင့်ထားတဲ့ ယာယီခိုလှုံရာ နေရာကို ရွှေ့နိုင်ခဲ့တယ်။ သေတ္တာတွေကိုတော့ တခြား စိတ်ချရတဲ့ နေရာ နှစ်ခု၊ သုံးခုဆီ ခွဲပို့ထားနိုင် ခဲ့တယ်။

ကျမကတော့ အလုပ်သင် တယောက်နဲ့အတူ “အသင့် အနေအထား” နဲ့ နောက်ချန်နေခဲ့တယ်။ စွမ်းစင်တာနဲ့ သိပ်မဝေးတဲ့ နေရာတခုမှာ ခိုနေခဲ့တာပါ။ စွမ်းစင်တာက မီးတွေအားလုံးကို မှိတ်ထားတယ်၊ ဘယ်သူမှ ဖုန်းဆက် မလာနိုင်အောင် တယ်လီဖုန်းကြိုးလိုင်း ပလပ်ကိုလည်း ဖြုတ်ထားတယ်။

စွမ်းက “လုံခြုံစိတ်ချရတဲ့ နေရာသစ်တခု” ကို မရှေ့နိုင်ခင် အထိဘယ်နှစ်ရက်ကြာအောင် ပုန်းခို နေရတာကိုတော့ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် အရမ်းစိတ်ဖိအားများတဲ့ ညတွေကိုတော့ မမေ့နိုင်ပါဘူး။ ညရောက်ပြီဆိုရင် စိုးရိမ် စိတ်တွေ တထိတ်ထိတ်နဲ့ပါပဲ။ ကျမတို့နေတဲ့ နေရာနားကို ကားတစီး ဖြတ်သွားတဲ့ အသံကို ကြားရင်ပဲလန့်လန့်နိုးမိပါ တယ်။ အထူးသဖြင့် သန်းခေါင်ကျော်ပြီဆိုရင် ကျမသတိ အနေအထားဖြစ်နေတတ်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ညသန်းခေါင် ၁ နာရီကျော် ၂ နာရီလောက်ဆိုရင် ကျမတို့ ရှိနေတဲ့ရပ်ကွက် တဝိုက်မှာ ထရပ်ကားတစီး ဖြည်းဖြည်းချင်း မောင်းနေတတ်တာကိုး။

**စွမ်းကို ပိတ်ပစ်ဖို့ အမိန့်ရတဲ့ အကြောင်းကို ကျမကောင်းကောင်းမှတ်မိ နေသေးတယ်။ မိုးတွေ အရမ်း သည်းနေတဲ့ညလေ။ စွမ်းက စီနီယာ အသင်းဝင်နှစ်ယောက် ရောက်လာပြီး ရှုံးကို ဝင်စီးနင်းမှာ စိုးရိမ်ရလို့ အထုပ်အပိုးတွေ ပြင်ပြီး နေရာရွှေ့ကြဖို့အတွက် ကျမတို့ကို ပြောတယ်။**

# သူပြောသည့် စကား

## ဆိုင်နောင်

စွမ်း တည်ထောင်ရာတွင် ပါဝင်သူ တဦးနှင့် လက်ရှိ ဘုတ်အဖွဲ့ဝင်

**မြန်မာစစ်အစိုးရက သူတို့ရဲ့ “နိုင်ငံပိုင် မီဒီယာတွေ” ကနေ လူသိရှင်ကြား တိုက်ခိုက် နေတဲ့အပြင် အမည်မသိ အီးမေးတွေကတဆင့် ကျမတို့ကို ဆုငွေတွေ ထုတ်နေပါတော့တယ်။**

အစီရင်ခံစာကို အများသူငါအကြား ပျံ့နှံ့အောင် လုပ်ခဲ့တဲ့ အကျိုးဆက်ကတော့ တဦးချင်း အနေနဲ့ရော၊ အဖွဲ့အလိုက် အနေနဲ့ရော စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရတော့တာပါပဲ။ ချက်ခြင်း ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုကတော့ လုံခြုံရေးအရ ခြိမ်းခြောက်ခံရတာပဲ ဖြစ်ပါတယ်။ မြန်မာစစ် အစိုးရက သူတို့ရဲ့ “နိုင်ငံပိုင်မီဒီယာတွေ” ကနေ လူသိရှင်ကြား တိုက်ခိုက်နေတဲ့အပြင် အမည်မသိ အီးမေးတွေကတဆင့် ကျမတို့ကို ဆုငွေတွေ ထုတ်နေပါတော့တယ်။ သူတို့ရဲ့ သတင်းထုတ်ပြန်ချက်တခုမှာ ဒီအစီရင်ခံစာရေးဖို့ ယောကျ်ားတွေကပဲ ကြိုးကိုင်ခိုင်းစေခဲ့ တာလို့ စွပ်စွဲထားတာ ကျမ ကောင်းကောင်းမှတ်မိတယ်။ ကြည့်! ဘယ်လောက်တောင် စော်ကားလိုက်သလဲ ဆိုတာ။

မုဒိန်းကျင့်ခွင့်လိုင်စင်ကို ထုတ်ဝေတဲ့ကိစ္စမှာ ပါဝင်ပတ်သက်သူတွေကို အရေးယူပေးဖို့ စစ်အစိုးရက ထိုင်းနိုင်ငံ အာဏာပိုင်တွေကိုတောင် ဖိအားပေးခဲ့ကြသေးတယ်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလထဲမှာ စွမ်းနဲ့ SHRF ရုံးတွေ အပိတ်ခံလိုက်ရတယ်။ စွမ်းစင်တာ (ရုံး) မှာနေတဲ့ ကျမတို့ အသင်းဝင်တွေလည်း လုံခြုံတဲ့နေရာကို ရွှေ့ခဲ့ရတယ်။ စွမ်းအသင်းဝင်တွေ အားလုံး အတွက် လုံခြုံရေးအရ မြေအောက်လှုပ်ရှားမှု ပုံစံနဲ့ လုပ်ကြရတာပေါ့။ သိုသိုသိပ်သိပ်နဲ့ပဲ လူထုအတွက် အရေးပေါ်အကူအညီတွေပေးတယ်။ မုဒိန်းမှုက ရှင်သန်ကျန်ရစ်သူတွေကို ကူညီတာလည်းပါတယ်။ မီဒီယာတွေ၊ ဒေသတွင်းနဲ့ နိုင်ငံတကာ ကွန်ရက်တွေနဲ့လည်း အဆက်အသွယ် မပြတ်ခဲ့ပါဘူး။ အဲဒီတုန်းက ကျမတို့ ဘဏ္ဍာရေး အခြေအနေကလည်း အတော်လေးကိုဆိုးရွားတယ်။

အစီရင်ခံစာကို ထုတ်ပြန်ပြီးနောက်ပိုင်း ကမ်ပိန်းလှုပ်ရှားမှုတွေမှာ အဆက်မပြတ် ပါဝင်ရ တာမို့လို့ ကျမတို့ အသင်းဝင်တွေလည်း အလုပ်တွေပိပြီး စိတ်ဖိအားတွေ များခဲ့ရပါတယ်။ အဲဒီတုန်းက ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့ ကျမတို့အတွက် အခက်ခဲဆုံး အချိန်တွေပါပဲ။

ဒီလိုစိန်ခေါ်မှုတွေ ကြားထဲက ၂၀၀၂ ဩဂုတ်လမှာ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီးဌာနက စေလွှတ်လိုက်တဲ့ စုံစမ်းစစ်ဆေးရေးမစ်ရှင် တခုကို ကူညီဆောင်ရွက်ပေးခဲ့ သလို ၂၀၀၂ အောက်တိုဘာလမှာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူး စုံစမ်းစစ်ဆေးရေးအရာရှိက စေလွှတ်လိုက်တဲ့ အဖွဲ့ကိုလည်း ကူညီခဲ့ပါတယ်။ ထိုင်း-မြန်မာ နယ်စပ်တလျှောက် တရားဝင် စုံစမ်းစစ်ဆေးမှုတွေ နောက်ထပ်ပေါ်ပေါက်လာပြီး စစ်အစိုးရ ကို တင်းတင်းကျပ်ကျပ် ဖိအားပေးလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကူညီဆောင်ရွက်ခဲ့ တာပါ။

အရမ်းဖိအားများတဲ့ အခြေအနေကို ကြံ့ကြံ့ခံ
ဖြတ်ကျော်လာနိုင်ခဲ့တဲ့ စွမ်းအသင်းဝင်တွေ အားလုံးကို
အရမ်းကျေးဇူးတင်ပါတယ်။ ကျမတို့အသင်း အခက်
အခဲကို ကျော်ဖြတ်နိုင်အောင် ချင်းမိုင်အခြေစိုက်
Burma Relief Centre (BRC) က ချက်ခြင်းဆို
သလို ဘဏ္ဍာရေး အကူအညီပေးခဲ့တာကိုလည်း
အထူးကျေးဇူးတင်ပါတယ်။

ပြီးတော့ ၂၀၀၃ ခုနှစ် အစောပိုင်းမှာပဲ ကျမတို့ကို
အရေးပေါ် ရန်ပုံငွေတွေ ထောက်ပံ့ခဲ့တဲ့ Urgent
Action Fund for Women၊ Frontline Human
Rights Defenders နဲ့ ကျမတို့ ခက်ခဲတဲ့ အချိန်မှာ
ကမ်ပိန်းတွေလုပ်ပြီး ကူညီခဲ့တဲ့ APWLD နဲ့ Forum
Asia တို့ကိုလည်း တကယ်ကျေးဇူးတင်ပါတယ်။

နောက်ပြီးတော့ အားဂျန် (ဆရာကြီး) ကရိုင်ဆတ်
ချွန်ဟာဗန်၊ ထိုင်း NGO တွေ၊ ထိုင်းလူ့အခွင့်အရေး
ကော်မရှင်တို့ အင်နဲ့အားနဲ့ လှုံ့ဆော်စည်းရုံးခဲ့တာ၊
ကူညီခဲ့တာတွေကို ကျမတို့ ဘယ်တော့မှ မမေ့ပါဘူး။

တကမ္ဘာလုံးက အမျိုးသမီးကွန်ရက်တွေနဲ့ အားပေး
ထောက်ခံမှုတွေ၊ နိုင်ငံတကာ အစိုးရတွေ၊ CSO တွေက
ဘဏ္ဍာရေး၊ နိုင်ငံရေးအရ အားပေးထောက်ခံမှုတွေ
သာ မရှိခဲ့ဘူးဆိုရင် ကျမတို့ရဲ့ “မြန်မာနိုင်ငံအတွင်း
မုဒိန်းကျင့်ခွင့်လိုင်စင် ရပ်တန့်ရေး” ဆိုတဲ့ ကမ်ပိန်း
လည်း ပေါ်ပေါက်လာနိုင်မှာ မဟုတ်သလို စိန်ခေါ်မှု
တွေ အားလုံးကိုလည်း ကျော်ဖြတ်နိုင်မှာ မဟုတ်ပါဘူး။



# မိမိတို့၏အလုပ်တွင် တွေ့ကြုံရသည့် အခြား ဖိအားများနှင့် စိန်ခေါ်မှုများ

- လူထု၏ လိုအပ်ချက်နှင့် တောင်းဆိုချက်များအား တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် လူ့အရင်းအမြစ်/ စွမ်းဆောင်ရည်/ကျွမ်းကျင်မှု နည်းပါးခြင်း
- နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေးအတွက် “တရားဝင်” ခရီးထွက်နိုင်သည့် စွမ်းအသင်းဝင်အရေအတွက် အကန့်အသတ်ရှိခြင်း
- စွမ်းအသင်းဝင် အများအပြားသည် ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင်နိုင်သည့် အခြေအနေ မရှိသည့်အတွက် ထိုင်းအာဏာပိုင်များက ၎င်းတို့ကို ဖမ်းဆီးခြင်း၊ မြန်မာနိုင်ငံဘက်သို့ ပြန်ပို့ခြင်းများ ခံရမည်ကို အစဉ်တစိုက် စိုးရိမ်နေရခြင်း
- လုံခြုံရေး ခြိမ်းခြောက်မှုများကြောင့် စွမ်းအနေဖြင့် တဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ လှုပ်ရှားဆောင်ရွက်မှုများကို ပေါ်ပေါ်ထင်ထင် မလုပ်နိုင်ခြင်း
- မြန်မာစစ်တပ်နှင့် ထိုင်းအာဏာပိုင်များနှင့် ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ အနှောက်အယှက်၊ စိုးရိမ်ပူပန်မှုများကို ခံစားနေကြရခြင်း
- အဆင့်တိုင်းမှ ထွက်ပေါ်လာသည့် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းနေရသဖြင့် စိတ်ဖိအားအဆက်မပြတ် ခံစားနေရခြင်း
- မြန်မာစစ်အစိုးရက မီဒီယာဖြင့် တိုက်ခိုက်နေခြင်း

# စွမ်းနှင့် စွမ်းအသင်းဝင်တဦးကို နိုင်ငံတကာက ပေးအပ်သည့် ဆုများ




**၂၀၀၅**
Peter Gruber ဖောင်ဒေးရှင်းက ပေးအပ်သည့် အမျိုးသမီးအခွင့်အရေးဆု




**၂၀၀၅**
Reebok လူ့အခွင့်အရေးဆု

**၂၀၀၇**
နော်ဝေနိုင်ငံ ကျောင်းသားများအားလုံးက ပေးအပ်သည့် ကျောင်းသားငြိမ်းချမ်းရေးဆု




**၂၀၀၈**
Jeanne J. Kirkpatrick ဆုနှင့် Vital Voices Global Partnership ဆု



**အခြားဆုများ**

၂၀၀၅ Marie Claire ဆု၊ တကမ္ဘာတလွှား အမျိုးသမီး ဆယ်ဦးအနက် တဦး

၂၀၀၅ တိုင်းမ်အေးရှား မဂ္ဂဇင်းက ပေးအပ်သည့် အာရှတိုက်၏ သူရဲကောင်းများဆု

၂၀၀၅ နိုဘယ်ငြိမ်းချမ်းရေးဆုအတွက် ဇကာတင် အမျိုးသမီး ၁,၀၀၀ ဦး စာရင်းဝင်

၂၀၀၆ ထိုင်းနိုင်ငံ ချင်းဟိုင်းရှိ ရာဂျာဘတ်တက္ကသိုလ်က အထက်မဟာမဲခေါင်ဒေသခွဲအတွင်း ပေးအပ်သည့် အကောင်းဆုံး ဆောင်ရွက်လေ့ကျင့်မှုဆု

၂၀၀၇ နော်ဝေနိုင်ငံ ကျောင်းသားများအားလုံးက ပေးအပ်သည့် ကျောင်းသားငြိမ်းချမ်းရေးဆု

# ၁၉၁၀ – ၂၀၁၉

# လှုပ်ရှားမှုကို အင်အား ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခြင်းနှင့် တိုးချဲ့ခြင်း

## ၂၀၁၀

- နယ်နိမိတ်ခြား တည်ရှိသည့် ရှမ်းလူမှု အသိုင်းအဝိုင်းများနှင့် တွေ့ဆုံ၍ တိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်ခြင်း
- ရှမ်းပြည်နယ်အတွင်း ဝေးလံခေါင်သီပြီး ပဋိပက္ခများဖြစ်ပွားသည့် ဒေသများရှိ လူထုကျန်းမာရေး စောင့်ရှောက်သူများအတွက် မျိုးဆက်ပွားကျန်းမာရေး သင်တန်းများကို ပထမဆုံး စီစဉ်ခြင်း

## ၂၀၁၁

- စွမ်း၏ မြန်မာနိုင်ငံအတွင်း အမျိုးသမီး နှီးနှောဖလှယ်ပွဲ အစီအစဉ်များ စတင်ခြင်း

## ၂၀၁၂

- အမျိုးသမီးငယ်ခေါင်းဆောင်မှု သင်တန်းကို ချင်းမိုင်တွင် ပထမဆုံး ပြုလုပ်ခြင်း
- မြန်မာနိုင်ငံအတွင်းသို့ စွမ်း၏ ပထမဆုံးအကြိမ် တရားဝင်ခရီး သွားရောက်ခြင်း
- မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း အပြင် ရန်ကုန်မြို့တို့တွင် တိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်ခြင်း

## ၂၀၁၃

- စွမ်း၏ ကျန်းမာရေးလုပ်ငန်းစဉ်နှင့် အကျပ်အတည်းကျနေသော အမျိုးသမီးများအား ကူညီထောက်ပံ့သည့် လုပ်ငန်းစဉ် ကိုပေါင်းစပ်၍ အမျိုးသမီးများ ကျန်းမာပျော်ရွှင် လုပ်ငန်းစဉ်ကို စတင်ခြင်း
- ပထမဆုံး အမျိုးသမီးခေါင်းဆောင်များ သင်တန်းကို ချင်းမိုင်တွင် ပြုလုပ်ခြင်း









## ၂၀၁၄

- စွမ်း၏ တောင်ကြီးစင်တာကို ဧပြီလတွင် ဖွင့်လှစ်ခြင်း
- စွမ်း၏ ပထမဆုံး လူထုအခမ်းအနားအဖြစ် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ်ပွဲကို ရှမ်းပြည်နယ်တွင် ကျင်းပခြင်း (နိုဝင်ဘာလ ၂၅ ရက်)
- တောင်ကြီးစင်တာတွင် အလုပ်သင်အစီအစဉ် စတင်ခြင်း
- စွမ်း၏ ပထမဆုံး သင်တန်းသူဟောင်းများ နှီးနှော ဖလှယ်ပွဲ ပြုလုပ်ခြင်း

## ၂၀၁၅

- မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ခန္တီးနှင့် ဟုမ္မလင်းမြို့များသို့ ကွန်ရက်တည်ဆောက်ရေး နှင့် လေ့လာရေး ခရီးစဉ်သွားခြင်း
- ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကျောင်းကျန်းမာရေးပညာပေးအစီအစဉ်များ စတင်ခြင်း
- မြန်မာနိုင်ငံအတွင်း ပထမဆုံး အမျိုးသမီးငယ် ခေါင်းဆောင်မှုသင်တန်းအား တောင်ကြီးတွင် ပြုလုပ်ခြင်း
- စွမ်းအသင်းဝင် ခေါ်ယူခြင်း အစီအစဉ်အား စတင်ခြင်း

## ၂၀၁၆

- တရုတ်နယ်စပ်ဒေသ အပါအဝင် ရှမ်းပြည်နယ် အနှံ့အပြားသို့ သွားရောက်ကာ တိုင်ပင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း
- မိသားစုစီမံကိန်း၊ လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေးအရေးကြီးကြောင်း မီးမောင်းထိုးပြသည့် ပညာပေးဇာတ်လမ်းရိုက်ကူး ထုတ်လုပ်ခြင်း

## ၂၀၁၇

- ပထမအကြိမ် ရှမ်းအမျိုးသမီးများ နှီးနှောဖလှယ်ပွဲနှင့် စွမ်း၏ ၁၈ နှစ်ပြည့် အခမ်းအနားကို မြန်မာနိုင်ငံ ရှမ်းပြည်နယ် လားရှိုးမြို့တွင် ကျင်းပခြင်း

## ၂၀၁၈

- ဒုတိယအကြိမ် ရှမ်းအမျိုးသမီးများ နှီးနှောဖလှယ်ပွဲ နှင့် စွမ်း၏ ၁၉ နှစ်ပြည့်အခမ်းအနားကို မြန်မာနိုင်ငံ ရှမ်းပြည်နယ် လားရှိုးမြို့တွင် ကျင်းပခြင်း
- အများ၏ တောင်းဆိုချက်အရ အမျိုးသမီးစွမ်းရည် မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများကို အမျိုးသား လူငယ်များ ပါဝင်တက်ရောက်နိုင်သည့် လူငယ် စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲများအဖြစ် အမည်ပြောင်းလဲ ကျင်းပခြင်း
- စွမ်းသင်တန်းစင်တာ စတင်ဆောက်လုပ်ခြင်း

## ၂၀၁၉

- စွမ်း၏ နှစ် ၂၀ ပြည့်အခမ်းအနားနှင့် တတိယအကြိမ် ရှမ်းအမျိုးသမီးများ နှီးနှောဖလှယ်ပွဲအား တောင်ကြီး မြို့တွင် ကျင်းပခြင်း
- စွမ်းသင်တန်းစင်တာ စတင်ဖွင့်လှစ်ခြင်း



# အောင်မြင်မှုများ

- မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အခမ်းအနားများစသည့် လှုပ်ရှားမှုအသီးသီးတို့အပြင် အလုပ်သင် အစီအစဉ်၊ အမျိုးသမီးခေါင်းဆောင်များ သင်တန်း၊ အမျိုးသမီးငယ် ခေါင်းဆောင်မှုသင်တန်းတို့မှ သင်တန်းသူများ အပါအဝင် မြေပြင်ရှိ စွမ်းအသင်းဝင်များကြောင့် စွမ်း၏အကြောင်း မြန်မာနိုင်ငံတလွှား လူသိများလာခြင်း။
- သင်တန်းသူဟောင်းများသည်လည်း ၎င်းတို့ နေထိုင်၊ လုပ်ဆောင်ရာ ရပ်ရွာ၏ ယုံကြည်မှု ပိုမိုရရှိလာခြင်း။ အထူးသဖြင့် အကြမ်းဖက်ခံရမှုများနှင့် ကြုံတွေ့ရလျှင် လူထုကလည်း ၎င်းတို့ထံ ချဉ်းကပ် အကူအညီ တောင်းခံကြခြင်း။ ရပ်ရွာများတွင် လူငယ်နှင့် အမျိုးသမီး စွမ်းရည်မြှင့်တင်ပေးရန်အတွက် စွမ်းထံ တောင်းခံလာမှု ပိုမိုများပြားလာခြင်း။
- ကွန်ရက်ချိတ်ဆက်ရေး၊ လေ့လာရေးခရီး၊ တိုင်ပင်ဆွေးနွေးရေး၊ လုပ်ငန်းစောင့်ကြည့်ရေးစသည့် ခရီးစဉ်များအားဖြင့် နယ်အသီးသီးသို့ ရောက်ရှိကာ မြန်မာနိုင်ငံတလွှား ကွန်ရက်များ ချိတ်ဆက်လာနိုင် သောကြောင့် စွမ်း၏ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် မည်သည့်ဒေသများ၊ လုပ်ငန်းများအား ဦးစားပေး လုပ်ဆောင်ရမည်ကို စဉ်းစားဆုံးဖြတ်ရန်အတွက် အထောက်အပံ့ပြုခြင်း။
- နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ/ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူငယ်အဖွဲ့များက စွမ်းအား ပိုမိုအသိအမှတ်ပြုလာကြခြင်း။
- အဆုံးအဖြတ်ပေးနိုင်သည့် အခန်းကဏ္ဍများတွင် အမျိုးသမီးအရေအတွက် ပိုမိုပါဝင်လာခြင်း။
- အမျိုးသမီး ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အနီးကပ် အလုပ်လုပ်ရသည့်အတွက် ကြောင့် ရှမ်းနိုင်ငံရေးပါတီများနှင့် မဟာမိတ်အဖွဲ့များ၏ မူဝါဒများအပေါ် အထူးသဖြင့် အမျိုးသမီး အရေးနှင့် ဂျန်ဒါအရေးတို့တွင် အကြံပြုနိုင်သည့် အခွင့်အလမ်းပိုမိုရရှိခဲ့ခြင်း။
- ရှမ်းလူထုအကြား အမျိုးသမီးအဖွဲ့အစည်း အသစ်များ ဖွဲ့စည်းနိုင်ရန်အတွက်လည်း စွမ်းက အကူအညီ ပေးနိုင်ခဲ့ခြင်း။ ထိုအဖွဲ့များမှာ ရှမ်းပြည်နယ်အမျိုးသမီးများအဖွဲ့အစည်း (SSWO)၊ ရှမ်းပြည်နယ် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (SSWDO)၊ ဟုမ္မလင်း အခြေစိုက် ရှမ်းနီအမျိုးသမီးများ အစည်း အရုံးနှင့် ရှမ်းပြည်နယ်မှ အမျိုးသမီးကြီးများ (SWSS) တို့ဖြစ်သည်။

# စိန်ခေါ်မှုများ

- မြန်မာနိုင်ငံအတွင်း စွမ်းကိုယ်တိုင်ကိုယ်ကျတည်ရှိရေး- "ပြည်တွင်းဝင်ရေး၊ မဝင်ရေး" ပတ်သက်၍ အဖွဲ့အစည်းအတွင်း ရှန်းကန်ခဲ့ရခြင်း။
- ကောင်းစွာ လေ့ကျင့်ပေးပြီးသား ဝန်ထမ်းအချို့ စွမ်းမှ ထွက်ခွာသွားသောကြောင့် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအလားအလာ ရောင်နီသန်းလာချိန်တွင် ဝန်ထမ်း မလုံလောက်မှုဖြစ်ခဲ့ခြင်း၊ လိုအပ်သည့် ကျွမ်းကျင်မှုရှိသည့် သင့်လျော်သော ဝန်ထမ်းများ ရှာဖွေခန့်ထားရန်မှာ ကြီးမားသော စိန်ခေါ်မှုကို ကြုံရခြင်း။
- မြန်မာနိုင်ငံအတွင်း အလုပ်လုပ်သည့်စနစ် ယန္တရားများ တည်ဆောက်ရန်အတွက် အချိန်များစွာ လိုအပ်ခြင်း။
- မြန်မာနိုင်ငံအတွင်းရှိ ရှမ်းလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် ရန်ပုံငွေ/ လူအင်အား မလုံလောက်ခြင်း၊ လူထုက တောင်းဆိုချက် အများအပြားနှင့် ၎င်းတို့၏ မျှော်လင့်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ပုံငွေအကန့်အသတ် ရှိခဲ့ခြင်း။
- ဝန်ထမ်း အကန့်အသတ်ရှိခြင်းနှင့် များပြားသော အလုပ်တာဝန်များ ပိနေခြင်းတို့ကြောင့် စွမ်းနှင့် အကျွမ်းတဝင်ရှိပြီး နိုင်ငံတကာပရိသတ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို စည်းရုံးလှုံ့ဆော်ရေးအတွက် ဦးတည်သည့် အစီရင်ခံစာများ၊ တွေ့ရှိချက်များ ရပ်တည်ချက်စာတမ်းများစသည့်  ရုပ်ဝတ္ထုပစ္စည်းများကို အချိန်နှင့်တပြေးညီ မထုတ်လုပ်နိုင်ခြင်း။
- တကွဲတပြားဖြစ်နေသည့် လူမှုအသိုင်းအဝိုင်း အလယ်တွင် စွမ်း၏ ကြားနေရေး ရပ်တည်ချက်အား ထိန်းသိမ်းရခြင်း။
- တရားမျှတမှု မရှိသည့် တရားရေးစနစ်နှင့် နေရာတကာပျံ့နှံ့နေသည့် အကျင့်ပျက်ခြစားမှုများအား ရင်ဆိုင်တုံ့ပြန်ရခြင်း။
- ရှမ်းအမျိုးသားရေးဝါဒနှင့် လူ့အခွင့်အရေး အခြေခံသဘောတရားများအကြား ဟန်ချက်ညီအောင် ကြိုးစားရခြင်း။
- ဖိုဝါဒီကြီးစိုးမှု မြင့်မားသည့် မြန်မာနိုင်ငံတွင် အလုပ်လုပ်ရခြင်း။ အမျိုးသမီး အခွင့်အရေးနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်ရာတွင် အမျိုးသားခေါင်းဆောင်များ၊ လူပုဂ္ဂိုလ်များအပြင် တခါတရံ အမျိုးသမီးများကိုယ်တိုင်ကပင် ဆန့်ကျင်ခြင်း၊ တားဆီးခြင်းများကို ရင်ဆိုင်ရခြင်း။
- စွမ်း၏ ရပ်ရွာကျန်းမာရေးလုပ်သားများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် တချို့က ခြိမ်းခြောက်ခြင်း။ အထူးသဖြင့် မိသားစုစီမံကိန်း အသိပညာပေးမှုများနှင့် သန္ဓေတား "အပ်မြှုပ်နှံခြင်း" ကဲ့သို့သော ဝန်ဆောင်မှုများ လုပ်ပေးသည့် အခါဖြစ်သည်။
- ရှမ်းပြည်တွင်း ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့်လည်းကောင်း၊ များပြားလှသည့် စစ်ဘေးရှောင်လူထုအား အရေးပေါ် အကူအညီပေးရသည့် အလုပ်များကြောင့်လည်းကောင်း အစီအစဉ်/စီမံကိန်းများ အကောင်အထည်ဖော်မှုအား နှောင့်နှေးရခြင်း။

# သူပြောသည့် စကား

## မွမ်းကိန်

### စွမ်း အသင်းဝင်



၁၉၉၉ ကတည်းက စခဲ့တဲ့ ကျမတို့ ခရီးကို ပြန်ကြည့်မယ်ဆိုရင် ကြီးမားတဲ့ အပြောင်းအလဲ အချိုးအကွေ့တွေကို တွေ့ရမှာပါ။ ကျမကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ အမှတ်တရကတော့ ၂၀၁၂-၂၀၁၃ လောက်တုန်းက မြန်မာနိုင်ငံက "နိုင်ငံရေးအပြောင်းအလဲ" ပါပဲ။ ဒီအချက်ဟာ အရပ်ဖက်အဖွဲ့အစည်း လှုပ်ရှားမှုတွေနဲ့ ထိုင်းနိုင်ငံ၊ ထိုင်း-မြန်မာနယ်စပ် တလျှောက်မှာ ထူထောင်ထားကြတဲ့ မြန်မာနိုင်ငံ လူထုအခြေပြုအဖွဲ့အစည်းတွေအပေါ် အတော်လေး ရိုက်ခတ်ခဲ့ပါတယ်။ နိုင်ငံ "အတွင်းကို ရွှေ့" မလား၊ ထိုင်းနိုင်ငံလိုမျိုး "အပြင်" မှာပဲ ဆက်နေမလားဆိုပြီး ဆွေးနွေးခဲ့ကြတယ်။ တခါတလေ အတော်လေး ငြင်းကြခုံကြခဲ့ရတယ်။

စွမ်းထဲမှာလည်း အများကြီး ဆွေးနွေးခဲ့ရပါတယ်။ တချို့အသင်းဝင်တွေက ပြည်တွင်းကို ရွှေ့ပြီး ရှမ်းပြည်နယ်မှာ စွမ်းရုံးခွဲ တခုဖွင့်ဖို့ ဆန္ဒရှိကြတယ်။ တချို့ကလည်း ထိုင်းနိုင်ငံမှာပဲ ဆက်အခြေစိုက်ချင်ကြတယ်။ အလေးထားပြီး ဆွေးနွေးကြတဲ့ အချက်တချက်ကတော့ ပြည်တွင်းကို ရွှေ့ရင် ကျမတို့ အသင်းရဲ့ ရေရှည်လုပ်ငန်းရည်မှန်းချက်နဲ့အညီ ကျမတို့ လူထုနဲ့ နီးနီးကပ်ကပ် အတူအလုပ်လုပ်နိုင်ဖို့ အခွင့်အလမ်းတွေ ပိုများလာမယ်ပေါ့။ တချိန်တည်းမှာပဲ မြန်မာစစ်အစိုးရကို ဆန့်ကျင်ခဲ့တဲ့ စွမ်းရဲ့ နိုင်ငံရေး ရပ်တည်ချက်ကို ထိခိုက်မှာကိုလည်းပဲ စိုးရိမ်ကြပါတယ်။ စစ်တပ်က သူတို့ရဲ့ အကျိုးစီးပွားကိုပဲ ဦးစားပေးတယ်၊ သူတို့ လက်ထဲ အာဏာရှိနေဖို့ နည်းလမ်းပေါင်းစုံ သုံးနေတာဖြစ်လို့ စစ်တပ်ကို ယုံလို့မရပါဘူး။ ဒါ့အပြင် စစ်တပ်က ဆယ်စုနှစ်ပေါင်းများစွာ တိုင်းရင်းသူ အမျိုးသမီးတွေအပေါ် ကျူးလွန်ခဲ့တဲ့ လိင်အကြမ်းဖက်မှုတွေ အပါအဝင် စစ်ရာဇဝတ်မှုတွေနဲ့ ပတ်သက်လို့ သူတို့ဘာသာ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်မှာ။ စွမ်းဟာ မြန်မာစစ်တပ်က ကျူးလွန်ထားပြီး စစ်အစိုးရကိုယ်တိုင် အားပေးအားမြှောက်ပြုခဲ့တဲ့ လိင်အကြမ်းဖက်မှုတွေကို ခြေရာခံဖော်ထုတ် မှတ်တမ်းတင်ခဲ့တာကြောင့် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ စွမ်းအသင်းဝင်တွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေ လုံခြုံရေးအရ ခြိမ်းခြောက်ခံရမှာကိုတော့ အစိုးရိမ်ရဆုံးပါပဲ။

အဲဒီအချိန်က ကျမတို့အတွက် စိတ်အရှုပ်အထွေးဆုံးအချိန်ဆိုတာ ကျမအမှတ်ရနေတုန်းပါပဲ။ တင်းမာမှု တချို့လည်း ရှိခဲ့တယ်။ တချို့ကလည်း အတော်လေး စိတ်လိုက်မာန်ပါ ဖြစ်နေကြတယ်။ ကျမတို့အထဲမှာလည်း အစည်းအဝေးတွေ အများကြီးထိုင်ကြရတယ်။ မြန်မာနိုင်ငံအတွင်းက ရှမ်းလူထု၊ အမျိုးသမီးအဖွဲ့အစည်းတွေဆီကလည်း အကြံဉာဏ်တွေရတယ်။ နောက်ဆုံးမှာ ရှမ်းပြည်နယ်မှာ စွမ်းရဲ့ ဆက်သွယ်ရေးရုံးဖွင့်ဖို့ ဆုံးဖြတ်ချက် ကျသွားတယ်။ ဒီဆုံးဖြတ်ချက်ရဲ့ အကျိုးဆက်ကတော့ စွမ်းရဲ့ လူအင်အားအပေါ် အကြီးအကျယ် ထိခိုက်စေခဲ့တာပါဘဲ။ ကျမတို့ရဲ့ ကွန်ရက်ချိတ်ဆက်မှု စွမ်းရည်၊ နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေး စွမ်းရည်တွေကိုလည်း လက်လွှတ်လိုက်ရပါတယ်။ ကျမတို့အားလုံးအတွက် တကယ့်ကို နာကျင်စရာပါဘဲ။

စွမ်းဆိုတာက လူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ ဖွဲ့စည်းထားတဲ့အပြင် အသင်းအဖွဲ့လိုက် လုပ်ဆောင်တာ အဓိက တန်ဖိုးထားကြတာလေ။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်ကနေစပြီးတော့ စွမ်းက မရှိမဲ့ရှိမဲ့ စွမ်းအင်နဲ့ပဲ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ရှမ်းပြည်နယ်အတွင်းနဲ့ ပြင်ပမှာရှိတဲ့ အလုပ်တွေ ဆက်လုပ်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဦးစားပေးပြီး ကိုယ်တိုင်ကိုယ်ကျ မြန်မာနိုင်ငံအတွင်းမှာ အလုပ်လုပ်ရတာက နှစ်အနည်းငယ်အတွင်းမှာပဲ အသီးအပွင့်တွေ မြင်လာရပါတယ်။ စွမ်းဟာ ကွန်ရက်တွေ ချဲ့နိုင်ခဲ့တယ်။ ပြည်တွင်းက သက်ဆိုင်ရာအဖွဲ့တွေနဲ့ ဆက်ဆံရေးတွေ တည်ဆောက်နိုင်ခဲ့တယ်။ အခု ကာလမှာ စွမ်းဟာ ၂၀၀၀ ပြည့်လွန်နှစ်တွေတုန်းကလို နိုင်ငံတကာ လှုံ့ဆော်စည်းရုံးရေးရဲ့ ရှေ့ဆုံးမျက်နှာစာမှာ မရှိပေမယ့်လည်း ကျမကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရတာကတော့ စွမ်းက ကိုယ့်အောင်မြင်မှုတွေအတွက် စိတ်ကျေနပ်အားရမှုတွေ ရှိနေတယ်။ အထူးသဖြင့် ကျမတို့ အလုပ်အကျွေးပြုချင်တဲ့ လူထု၊ ကျမတို့ လက်တွဲအလုပ်လုပ်ချင်ခဲ့တဲ့ လူထုနဲ့ချိတ်ဆက်မှု ခိုင်ခိုင်မာမာ လုပ်နိုင်ခဲ့တာပါဘဲ။

စိန်ခေါ်မှုတွေ ဘယ်လောက်ပဲများများ စွမ်းရဲ့ တန်ဖိုးထားမှုတွေ၊ အဓိကအခြေခံမှုတွေထပ်တူထပ်မျှရှိနေကြတဲ့ ညီအစ်မတွေ ရှိနေသရွေ့ စွမ်းဟာ ခံနိုင်ရည်ရှိရှိနဲ့ ရှေ့ဆက်သွားဖို့ သန္နိဋ္ဌာန်ချထားတယ်လို့ကျမ ယုံကြည်ပါတယ်။

အခု ကာလမှာ စွမ်းဟာ ၂၀၀၀ ပြည့်လွန်နှစ်တွေ တုန်းကလို နိုင်ငံတကာ လှုံ့ဆော်စည်းရုံးရေးရဲ့ ရှေ့ဆုံးမျက်နှာစာမှာ မရှိပေမယ့်လည်း ကျမကိုယ်တိုင် ကိုယ်ကျမြင် တွေ့ရတာက တော့ စွမ်းက ကိုယ့်အောင် မြင်မှုတွေအတွက် စိတ်ကျေနပ် အားရမှုတွေ ရှိနေတယ်။ အထူးသဖြင့် ကျမတို့ အလုပ် အကျွေးပြုချင်တဲ့ လူထု၊ ကျမတို့ လက်တွဲအလုပ် လုပ်ချင်ခဲ့တဲ့လူထုနဲ့ ချိတ်ဆက်မှု ခိုင်ခိုင်မာမာ လုပ်နိုင်ခဲ့တာပါဘဲ။

# သူပြောသည့်စကား

## နွမ်အွန်လျန်း
### ဝန်ထမ်း

ရှမ်းပြည်နယ်ထဲကို အလုပ်လုပ်ဖို့ ရွှေ့လာရတာကတော့ ကျမအတွက် ထူးခြားဆန်းပြားတဲ့ အတွေ့အကြုံ ဖြစ်သလို ဆုလဒ်တခုလို့လည်း ယူဆပါတယ်။ တဖြည်းဖြည်းနဲ့ စွမ်းက ကွန်ရက်တွေ ဖြန့်နိုင်ခဲ့တယ်။ ဒေသခံလူထုအတွက် အထူးသဖြင့် အမျိုးသမီးတွေအတွက် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းအစီအစဉ်တွေ တိုးချဲ့လာနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံထဲက စွမ်းဝန်ထမ်းတွေ လူထုဆီကို ကိုယ်တိုင်ကိုယ်ကျအရောက် သွားနိုင်ခဲ့တာ၊ ပြီးတော့ ကျမတို့ စီမံကိန်း ဧရိယာတွေ အားလုံးမှာ စွမ်းသင်တန်းဆင်းတွေ တက်တက်ကြွကြွ လှုပ်ရှားနေကြတာကို မြင်ရတော့ ကျမအနေနဲ့ အရမ်းကို ကျေနပ်မိပါတယ်။ သူတို့ထဲက တချို့ကတော့ မြေပြင်ပေါ်မှာ တကယ်ကို အားထားရတဲ့ သူတွေ ဖြစ်ပါတယ်။ အရပ်ဖက်အဖွဲ့အစည်းတွေမှာ ပြန်ပြီး အလုပ်လုပ်နေကြတာ အတော်များပါတယ်။ ဒါ့အပြင် အမျိုးသမီးအတော်များများက ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံရပါတယ်။ တချို့ကတော့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနိုင်ရခဲ့ကြတယ်။

—— အမှတ်ရဆုံးကတော့ ၂၀၁၇ မတ်လ ၂၈ ရက် ကျမတို့ ၁၈ နှစ်ပြည့်အခမ်းအနားအပြီး တဆက်တည်း ကျင်းပခဲ့တဲ့ ပထမအကြိမ် ရှမ်းအမျိုးသမီးများ နီးနှောဖလှယ်ပွဲပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့မှာ ကျင်းပခဲ့တာပါ။ ပွဲလာတက်ကြသူတွေကို လားရှိုးက ဘုန်းကြီးကျောင်းတွေမှာ တည်းခိုခွင့်ပြုခဲ့လို့ ဒေသခံ သံဃာတော်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ နီးနှောဖလှယ်ပွဲကို လာတက်ကြတဲ့သူတွေရဲ့ တဝက်ကျော်လောက်က သူတို့စရိတ်နဲ့ သူတို့ လာတက်ကြတာပါ။ လူငယ်အဖွဲ့တွေ၊ အရပ်ဖက် အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ၊ ရပ်မိရပ်ဖတွေ၊ နိုင်ငံရေးပါတီတွေ၊ ဘာသာရေးခေါင်းဆောင်တွေ အစရှိတဲ့ အသိုက်အဝန်းတခုလုံးက ကူညီခဲ့ကြတာတွေဟာ ကျမတို့အတွက်တော့ မေ့နိုင်စရာအကြောင်း မရှိပါဘူး။



တခြား အမှတ်ရစရာကတော့ စွမ်းရဲ့ နှစ် ၂၀ ပြည့်အခမ်းအနားကို လူ ၅၀၀ နီးပါး တက်ရောက်ခဲ့တာပဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေ အပြင်အရပ်ဖက်အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေလည်း လာတက်ကြပါတယ်။ အဲဒီပွဲပြီး တာနဲ့ စွမ်းကံစမ်းမဲအစီအစဉ်ရဲ့ မဲဖောက်ပွဲကို လုပ်ပါတယ်။ ကံစမ်းမဲလက်မှတ်တွေကို မြန်မာနိုင်ငံ အနှံ့အပြားကို ဖြန့်နိုင်ခဲ့ တယ်။ အဖွဲ့အစည်းအတွက်လည်း ရန်ပုံငွေတွေ ရခဲ့ပါတယ်။

ကျမတို့ ကွန်ရက်ကို ချဲ့နေတဲ့ အတောအတွင်းမှာပဲ စွမ်းက ရှမ်း လူထုအကြားမှာ ပိုပြီး လူသိများလာပါတယ်။ ဒါပေမယ့် အတော် လည်း စိတ်ရှုပ်စရာကောင်းတဲ့ အချိန်လည်း ဖြစ်ပါတယ်။ လိင်နှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုတွေက ရှင်သန်ကျန်ရစ်သူတွေကို ကူညီဖို့ လူထုက မျှော်လင့်ထားတဲ့အတိုင်း ကျမတို့ဘက်က မတတ် နိုင်တဲ့အချိန်ဆိုရင် အတော်စိတ်မကောင်းဖြစ်ရပါတယ်။ အဓိက ကတော့ ငွေများတရားနိုင်ဖြစ်ပြီး အကျင့်ပျက် ခြစားမှုတွေ ပြည့်နေ တဲ့ မြန်မာနိုင်ငံ တရားရေးစနစ်ကြောင့် ဒီလိုဖြစ်ရတာပါ။ ဘယ်လို မှ အားကိုးအားထားပြုလို့ မရပါဘူး။ အမှုတခုမှာဆိုရင် ခိုင်မာတဲ့ ပစ္စည်းသက်သေ၊ လူသက်သေတွေ ရှိပေမယ့် ကျူးလွန်သူက လွတ်ထွက်သွားတယ်။ ကျူးလွန်သူကြောင့် ကိုယ်ဝန်ရကျန်ခဲ့တဲ့ အမျိုးသမီးနဲ့အတူ တရားခွင်မှာ ကျမ အဖော်လိုက်လုပ်ပေးခဲ့တာ။ အမှုစစ်နေကြတာတွေကို ကျမကိုယ်တိုင် အကုန်မြင်ခဲ့ကြားခဲ့ရ တယ်။ အဲဒီတွေကို ဒီနေ့အထိ ကျမ လုံးဝမမေ့နိုင်ဘူး။

နောက်ထပ် စွမ်းက အကူအညီပေးခဲ့ရတဲ့ အမှုတခုမှာဆိုရင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူက အသက်ငယ်ငယ်လေးပဲရှိ သေးတယ်။ အိမ်ထောင်ရှိတဲ့ အမျိုးသားတယောက်က သူ့ကို ၂၀၁၄ တုန်းက အရင်ဆုံး လိင်ပိုင်းဆိုင်ရာ စော်ကားတယ်။ ၂၀၁၅ ကျတော့ အဲဒီ အမျိုးသမီးကလေးကို ဟိုကျူးလွန်သူ အမျိုးသားရဲ့ မိန်းမနဲ့ မိဘတွေက ကိုယ်ထိလက်ရောက် ရိုက်နှက် အနိုင်ကျင့်ကြတယ်လေ။ ၂၀၁၅ ကနေ ၂၀၁၈ အထိ တရားရုံးတက်ကြတော့ ရုံးချိန်းအခေါက် ၅၀ ထက်မနည်း သွားရတယ်။ အဲဒီအမျိုးသမီးကလေး ရုံးချိန်းသွားဖို့ စွမ်းကနေ ခရီးစရိတ်၊ တည်းခိုစရိတ်၊ စားစရိတ်တွေကူညီပေးခဲ့တယ်။ ရှေ့နေခလည်း ကူညီခဲ့ပါတယ်။ နောက်ဆုံးကျတော့ လျော်ကြေးပေးပြီး အမှုပိတ်လိုက်ကြတယ်လေ။ အမျိုသမီး ကလေးကို အကြမ်းဖက်မှု ကျူးလွန်သူက ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေကနေ ရှောင်ထွက်သွားနိုင်ခဲ့တယ်။ ဒ့ါကြောင့် အဲဒီလိုနည်းနဲ့ ဖြေရှင်း အမှုပိတ်လိုက်တာ မတရားဘူးလို့ ကျမ တို့ ထင်တယ်။

တခါတလေ ကျမတို့မှာ ဘဏ္ဍာရေး၊ ထောက်ပံ့ရေး၊ ပညာရပ် ပိုင်းဆိုင်ရာ အရင်းအမြစ်တွေ လုံလုံလောက်လောက် မရှိတဲ့ အခါ၊ အမျိုးသမီးတွေအတွက် လုံလုံခြုံခြုံ နေထိုင်ဖို့ တနေရာမှ မရှိတဲ့အခါမျိုးမှာ တအားစိတ်ပျက်မိပါတယ်။ လိင်အကြမ်းဖက် မှုကနေ ရှင်သန်လွတ်မြောက်လာသူတွေကနေ အရေးပေါ် အကူအညီတွေ၊ ဆွေးနွေးလမ်းညွှန်မှုတွေ၊ ဥပဒေရေးရာ အကူအညီတွေ တောင်းလာတာတွေ များလာတယ်။ ဒ့ါကြောင့် ကျမတို့ အပေါ်လည်း စိတ်ပိုင်းဆိုင်ရာ ဖိအားတွေ အရမ်းများ လာတယ်။



## ရှမ်းအမျိုးသားရေးဝါဒနဲ့ စွမ်းက ကိုင်စွဲထားတဲ့ လူ့အခွင့်အရေး အခြေခံသဘောတရားတွေ အကြား

ဒါ့အပြင် ရှမ်းအမျိုးသားရေးဝါဒနဲ့ စွမ်းက ကိုင်စွဲထားတဲ့ လူ့အခွင့်အရေး အခြေခံသဘောတရားတွေအကြား ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် လုပ်ရကိုင်ရတာကလည်း စိန်ခေါ်မှုကြီး တခုပါပဲ။ ကျမစိတ်ထဲမကောင်းဖြစ်ပြီး စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အဖြစ်အပျက်တခု ရှိပါတယ်။ ရှမ်းအမျိုးသမီးတယောက်ကို ရှမ်းမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တဖွဲ့က ဖမ်းဆီးသွားတုန်းကပါ။ နောက်ထပ် သွေးကွဲမှုတွေ မရှိစေဖို့၊ အမုန်းပွားမှုတွေ၊ အပြစ်တင်မှုတွေ မရှိအောင် ဆိုပြီးတော့ ဒီဖြစ်စဉ်ကို ကျမတို့က တိတ်တိတ်ကလေးနဲ့ သတိထားပြီး ကိုင်ခဲ့တယ်။ စိတ်အေးအေးထားပြီးတော့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ အာဏာပိုင်တွေနဲ့ စကားပြောခဲ့တယ်။ ဒါပေမယ့် ကျမတို့ကို “လူသိရှင်ကြား” အရေးတယူ လုပ်ဆောင်တာ မရှိဘူးဆိုပြီးတော့ တချို့လူတွေက ဆိုရှယ်မီဒီယာတွေပေါ်ကနေ ဝေဖန်ကြတယ်။ တချို့ဆို လူချင်းတွေ့ပြီးပြောတယ်။

နွမ်အွန်လျန်း
ဝန်ထမ်း


ရှမ်းအမျိုးသမီးများနှီးနှောဖလှယ်ပွဲ
SHAN WOMEN GET-TOGETHER
LASHIO 26 TO 28 MARCH 2017
STOP

# သူပြောသည့် စကား

## ဆိုင်

လုပ်ငန်းစဉ် လက်ထောက် တာဝန်ခံ၊
အမျိုးသမီးစွမ်းရည်မြှင့်ရေးလုပ်ငန်းစဉ်

ကျမကတော့ စွမ်းအကြောင်းကို ရှမ်းနိုင်ငံရေး ပါတီတခုကတဆင့် စသိခဲ့တာပါ။ ကျမတို့ ရှမ်းတွေထဲမှာ ဒီလိုအားကောင်းမောင်းသန် အမျိုးသမီးအဖွဲ့ တဖွဲ့ရှိတယ်ဆိုတာ သိရတော့ အတော်ဝမ်းသာမိပါတယ်။ ရှမ်းလူထုအတွက်အဓိက အလုပ်လုပ်နေတဲ့ အဖွဲ့ကိုး။ စွမ်းက မြန်မာနိုင်ငံ ရှမ်းပြည်နယ်ထဲမှာ ရှိနေလို့သာ ကျမလည်း စွမ်းကို သိခဲ့ရတာပါ။



ကျမက စွမ်းရဲ့ အမျိုးသမီးငယ် ခေါင်းဆောင်မှုသင်တန်းကို ၂၀၁၅ မှာ တက်ဖြစ်ရာကစလို့ စွမ်းထဲ ပါလာပါတယ်။ ၂၀၁၈ မှာတော့ စွမ်းမှာ စပြီး အလုပ်လုပ်တယ်။ ဝန်ထမ်းပေါက်စလေးအနေနဲ့ စွမ်းရဲ့ အလုပ်တွေက လူထုအကြားမှာ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့်ရှိသလဲဆိုတာ သိလိုက်ရပါတယ်။ စွမ်းဟာ မြန်မာနိုင်ငံ ရှမ်းလူထုအတွက် အဓိကအလုပ်လုပ်နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသတွေ၊ လက်နက်ကိုင် ပဋိပက္ခဒဏ်ခံရတဲ့ ဒေသတွေအတွက်ပေါ့။ ဂျန်ဒါခွဲခြားဆက်ဆံမှုတွေကို ကိုင်တွယ်ဖို့၊ စည်းလုံးညီညွတ်မှု ပြိုကွဲနေတဲ့ လူထုအကြား တင်းမာမှုတွေကို ဖြေရှင်းဖို့အတွက် လုပ်ငန်းစဉ်တွေ၊ လှုံ့ဆော်စည်းရုံးရေး နည်းလမ်းတွေ အမျိုးမျိုးကို သုံးရပါတယ်။

အရင်ဆုံး တောင်ကြီးက စွမ်းဆက်သွယ်ရေးစင်တာမှာ ကျမ ရုံးထိုင်ရတယ်။ မြန်မာနိုင်ငံထဲက ကျမတို့ လှုပ်ရှားမှုတွေကို ပေါင်းစပ်ညှိနှိုင်းပေးဖို့နဲ့ စောင့်ကြည့်အကဲဖြတ်ဖို့အတွက် အဲဒီစင်တာက အရေးကြီးတယ်။ချင်းမိုင်က စွမ်းစင်တာနဲ့ ကြားခံဆက်သွယ်ပေးရတဲ့ အလုပ်လည်း လုပ်ရတယ်။ စွမ်းမှာ ကျမက အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်အောက်က အမျိုးသမီးနှီးနှောဖလှယ် ဆွေးနွေးပွဲအတွက် တာဝန်ယူရတယ်။ မြေပြင်မှာ အမျိုးသမီးနှီးနှောဖလှယ်ဆွေးနွေးပွဲတွေကို ကျမကိုယ်တိုင် ကျင်းပပေးရတယ်။ ဒီဆွေးနွေးပွဲတွေက လူထုကြားက အမျိုးသမီးတွေအတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်ဖို့၊ ကိုယ့်အတွေ့အကြုံတွေ၊ အကြမ်းဖက်မှု အဖြစ်အပျက်တွေ၊ ဂျန်ဒါနဲ့ ပတ်သက်တဲ့ တခြားအကြောင်းအရာတွေကို ရင်ဖွင့်ပြောပြနိုင်တဲ့ နေရာနဲ့ အချိန် ဖန်တီးပေးတယ်။ အမျိုးသမီးနှီးနှောဖလှယ်ပွဲတွေကနေတဆင့် ဒေသပေါင်းစုံက အမျိုးသမီးတွေနဲ့ တွေ့ဆုံခွင့်ရခဲ့တာတွေဟာ ကျမအတွက်လည်း လုပ်နိုင်စွမ်း ခွန်အားတွေ အများကြီး ရခဲ့တယ်လို့ ဆိုရမှာပါ။

လူထုရဲ့ တောင်းဆိုချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ငွေရေးကြေးရေး အကန့်အသတ်ရှိတဲ့အခါ၊ လူအင်အားမရှိတဲ့အခါမျိုးဆိုရင်တော့ စိတ်ပျက်အားငယ်မိပါတယ်။ လူထုတောင်းဆိုကြလေ့ရှိတာကသင်တန်းတွေ စီစဉ်ပေးဖို့၊ အမျိုးသမီးဆွေးနွေးဖလှယ်ပွဲတွေ လုပ်ပေးဖို့၊ စွမ်းရည်မြှင့် သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲ လုပ်ပေးဖို့၊ အကြမ်းဖက်ခံရမှုတွေမှာ အကူအညီပေးဖို့ စတာတွေ ဖြစ်ပါတယ်။ အဲဒီလို အချိန်မျိုးမှာ ကျမအနေနဲ့ ဒီလို စိတ်ပျက်အားငယ် နစ်မျောနေမယ့်အစား ရှေ့လျှောက် လက်ရှိအခြေအနေထက် ပိုကောင်းလာဖို့၊ ပိုပြီး ထိထိရောက်ရောက် လုပ်နိုင်ဖို့ ကျမတတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် အာရုံစိုက်ပြီး လုပ်သွားမယ်ဆိုပြီး စိတ်ဆုံးဖြတ်လိုက်ပါတယ်။ ကျမကို ဒီအခက်အခဲတွေ ကျော်လွှားနိုင်ဖို့၊ အားပြန်ဖြည့်နိုင်ဖို့၊ ရှေ့ဆက်ဖို့ ခွန်အားတွေ ပေးနေတာကတော့ လူထုကြားက အမျိုးသမီးတွေပါဘဲ။

# ၂၀၂၀ – ၂၀၂၄

# စိန်ခေါ်မှု အသစ်များအား အံတုခြင်း

## ၂၀၂၀

**ကိုဗစ်နိုင်တင်း ကပ်ရောဂါဆိုးကို ရင်ဆိုင်ဖြေရှင်းခြင်း**

- မိမိတို့ နေအိမ်မှ အလုပ်လုပ်ကြရခြင်း
- လုပ်ငန်းစဉ်များနှင့် အသိပညာပေး လှုပ်ရှားမှုမှ တဆင့် လူထုအတွက် အရေးပေါ် အကူအညီများပေးခြင်း
- ကိုဗစ်နိုင်တင်း အသိပညာပေးဆိုင်ရာ အသံဖိုင်၊ ဗီဒီယိုဖိုင်များ ထုတ်လုပ်ခြင်း







**၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လှုပ်ရှားမှုများ ပြုလုပ်ခြင်း**

- "အမျိုးသမီး ကိုယ်စားလှယ်လောင်းများအား ထောက်ခံရေး" စီမံကိန်း စတင်ခြင်း
- မဲဆန္ဒရှင် ပညာပေးနှင့် လူထုအသိပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း
- ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အသံဖိုင်များ၊ ဗီဒီယိုဖိုင်များ ထုတ်လုပ်ခြင်း

**ဒီဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း**

**မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုကို အံတုခြင်း**

## ၂၀၂၁

- မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအတွင်း၌ စစ်အာဏာသိမ်းမှုကို ဆန့်ကျင် ဆန္ဒပြခြင်း၊ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (စီဒီအမ်) တွင် ပါဝင်သူများအား အရေးပေါ် ကူညီခြင်း
- အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုံ့ဆော်စည်းရုံးမှုဆိုင်ရာ စာရွက်စာတမ်းများ ထုတ်လုပ်ခြင်း
- ဓာတ်ပုံပြပွဲများ
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB မှ တဆင့် နိုင်ငံရေး မဟာမိတ်များ တည်ဆောက်ခြင်း

**စွမ်း၏ လုပ်ငန်းလည်ပတ်မှုကို ပြန်လည်တည်ဆောက်ခြင်း၊ စွမ်းစင်တာကို ပြန်လည် နေရာပြောင်းရွှေ့ချထားခြင်း**

**ဒီဂျစ်တယ်နှင့် ဆိုက်ဘာလုံခြုံရေးနည်းပညာ ကူညီပေးခြင်း**

**ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများဒဏ် ခံရသည့် စစ်ဘေးရှောင်များနှင့် ဒုက္ခသည်များအတွက် အရေးပေါ် အကူအညီများပေးခြင်း**

**လူထုအတွက် ကိုဗစ်နိုင်တင်း အရေးပေါ် အကူအညီများ ဆက်လက်ပေးခြင်း**

## ၂၀၂၂

ကိုဗစ်နိုင်တင်းနှင့် ရန်ပုံငွေ ပြတ်လတ်မှုကြောင့် ရပ်တန့်ထားရသည့် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်လှုပ်ရှားမှုများအား ပြန်လည်စတင်ခြင်း

အသင်းအဖွဲ့ ဖွဲ့စည်းပုံအသစ်နှင့် အဖွဲ့အစည်းအတွင်း အဆင့်ဆင့် စွမ်းရည်မြှင့်တင်ခြင်း

ထိုင်းနိုင်ငံ အခြေစိုက် ထိုင်းကွန်ရက်၊ အဖွဲ့အစည်းများနှင့် ပြန်လည်ချိတ်ဆက်ခြင်း

## ၂၀၂၃

ပညာရေးလုပ်ငန်းစဉ်အား ပြုပြင်ပြောင်းလဲခြင်း

ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်း ၁၀၂၇ စစ်ဆင်ရေးကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် လူထုအရေး တုံ့ပြန်ဆောင်ရွက်ခြင်း

သင်တန်းသူဟောင်းများတွေ့ဆုံ နှီးနှောဖလှယ်ပွဲ

## ၂၀၂၄

ငွေရတုအထိမ်းအမှတ် ကျင်းပခြင်း

အသစ်မွမ်းမံထားသည့် စွမ်း ဝက်ဆိုက်ကို ထုတ်လွှင့်ခြင်း

စွမ်း၏ပေါ့ပ်ကာစ်ကို ထုတ်လွှင့်ခြင်း

Alumnae Exchange, 2023





# ကိုဗစ်နိုင်တင်းကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေ

## အောင်မြင်မှုများ

- ကိုဗစ်နိုင်တင်း ကြောင့်ဖြစ်ပေါ်လာသည့် အခြေအနေနှင့် ပတ်သက်၍ အဖွဲ့အစည်းအတွင်း၌ လည်းကောင်း၊ အလှူရှင်များနှင့် ဆက်ဆံရာ၌ လည်းကောင်း၊ လူထုကို ကူညီရာတွင်လည်းကောင်း စွမ်းက ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့
- နှစ်နိုင်ငံစလုံး (မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ) ရှိ စွမ်းဝန်ထမ်းများသည် အွန်လိုင်းဆက်သွယ်ရေး နည်းလမ်းသစ်နှင့် အိုင်တီ ကျွမ်းကျင်မှုများ တိုးတက်လာခဲ့သည့်အပြင် အချို့ဝန်ထမ်းများသည် ဗီဒီယိုတည်းဖြတ်ခြင်း၊ ဂရပ်ဖစ်ဒီဇိုင်းများ ဆွဲခြင်း အစရှိသည့် ကျွမ်းကျင်မှုများလည်း တိုးတက်လာခဲ့ခြင်း
- ရွေးကောက်ပွဲ၊ ကိုဗစ်နိုင်တင်း ကာကွယ်ရေးနှင့် အခြားကျန်းမာရေး အသိပညာပေး၊ အမျိုးသမီး ကျန်းမာရေးတို့နှင့်ပတ်သက်သည့် အသံဖိုင်နှင့် ဗီဒီယိုများကို ပုံမှန်ထုတ် လုပ်ပြီး ဆိုရှယ်မီဒီယာနှင့် စွမ်းရေဒီယိုအစီအစဉ်များမှတဆင့် ထုတ်လွှင့်ခဲ့ခြင်း
- ရှိရင်းစွဲ အလှူရှင် အဖွဲ့အစည်းများမှ ရန်ပုံငွေများ ၊ အခြားနိုင်ငံတကာနှင့် ဒေသတွင်း အလှူရှင်များထံမှ ရန်ပုံငွေများအားဖြင့် မြန်မာနိုင်ငံအတွင်းနှင့် ထိုင်းနိုင်ငံ မြောက်ပိုင်း ထိုင်း-မြန်မာ နယ်စပ်တလျှောက် စီမံကိန်းဧရိယာများရှိ လူထုအတွက် ကိုဗစ်နိုင်တင်း အရေးပေါ် အကူအညီပေးနိုင်ခဲ့ခြင်း
- မိမိတို့၏ လူထုကျန်းမာရေးစောင့်ရှောက်သူများသည် ရပ်ရွာအတွင်းရှိ လူထု၏ အဓိကကျန်းမာရေးစောင့်ရှောက်ပေးသူများ၊ ကိုဗစ်နိုင်တင်း အသိပညာပေးသူများ ဖြစ်လာကြသဖြင့် ၎င်းတို့၏ အရေးပါမှုကို အသိအမှတ်ပြုမှု များပြားလာခြင်း
- စွမ်းက ကူညီထောက်ပံ့ပေးထားသည့် ထိုင်းနိုင်ငံ မြောက်ပိုင်းထိုင်း-မြန်မာ နယ်စပ်ရှိ ကျောင်းဆရာ/ဆရာမများက ကျောင်းသူကျောင်းသားများ၏ အိမ်သို့ သွားရောက်ကာကိုဗစ်နိုင်တင်း အရေးပေါ်အကူအညီများနှင့် အသိပညာပေးခြင်းတို့ကြောင့် ကျောင်းသူကျောင်းသားနှင့် မိသားစုဝင်များက ၎င်းတို့အား ပိုမိုလေးစား ကြည်ညိုကြခြင်း
- လွှတ်တော်အတွင်း အမျိုးသမီးများ ပါဝင်မှု မြင့်တက်ရေးအတွက် ရည်မှန်းကာ ရှမ်းနိုင်ငံရေးပါတီ သုံးပါတီမှ အမျိုးသမီး ကိုယ်စားလှယ်လောင်း ၃၀ ဦးအား “အမျိုးသမီး ကိုယ်စားလှယ်လောင်းများအား ထောက်ခံရေး” စီမံကိန်းခေါင်းစဉ်အောက်မှ အောင်မြင်စွာ ကူညီပေးနိုင်ခဲ့ခြင်း

# စိန်ခေါ်မှုများ

- စွမ်း၏ သင်တန်းသူဟောင်း ၁၃ ဦးသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအဖြစ် အရွေးခံရခြင်း
- ကိုဗစ်နိုင်တင်း လော့ဒေါင်းကာလ ကန့်သတ်ချက်များကြောင့် မြေပြင်ရှိ များပြားလှသော လုပ်ငန်းလှုပ်ရှားမှုများအား ရပ်ဆိုင်းခဲ့ရခြင်း
- အဆိုပါ ကန့်သတ်ချက်ကြောင့် လူထုပညာပေးရေး၊ မဲဆန္ဒရှင် အသိပညာပေးရေး၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြန့်ဝေရေး လုပ်ငန်းများ နှောင့်နှေးခဲ့ရခြင်း
- အချိန်ကန့်သတ်ချက်၊ ရန်ပုံငွေ ကန့်သတ်ချက်များကြောင့် ဝန်ထမ်းများ အကြား စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ၊ စိတ်ကျင်းကျပ်မှုများ ဖြစ်ခဲ့ခြင်း
- ကိုဗစ်နိုင်တင်း ကူညီရေးအတွက် အရေးပေါ် ထောက်ပံ့မှု ပေးရာတွင် အလှူရှင်အဖွဲ့ အစည်း အချို့က ကန့်သတ်ချက်များ ချမှတ်ခြင်း



# သူပြောသည့် စကား

## နန်းခမ်းအွမ်

### သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ဌာနဒါရိုက်တာ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အမျိုးသမီး ကိုယ်စားလှယ်လောင်းတွေ အရွေးခံနိုင်ဖို့ ရည်ရွယ်ပြီးတော့ "အမျိုးသမီး ကိုယ်စားလှယ်လောင်းများအား ထောက်ခံရေး" စီမံကိန်းကို စခဲ့တယ်။ အမျိုးသမီး ကိုယ်စားလှယ် တယောက်ချင်းစီရဲ့ ပုံရိပ်ကို မြှင့်တင်ပေးဖို့၊ သူတို့ရဲ့ နိုင်ငံရေး အမြင်တွေ ပြည်သူလူထုဆီ ရောက်အောင် နည်းပေါင်းစုံနဲ့ မီဒီယာပလက်ဖောင်းမျိုးစုံကနေ ဖြန့်ပေးဖို့ ဖြစ်ပါတယ်။



ဒီစီမံကိန်းကို လုပ်ဖို့ အရမ်းရင်ခုန်ခဲ့ရသလို – လုပ်မဲ့ အလုပ်တွေ၊ အစီအစဉ်တွေကို အသေအချာ ဆွဲခဲ့ကြတယ်။ ဒါနဲ့ မတ်လလောက် ရောက်တော့ ကိုဗစ်နိုင်တင်း ဖြစ်တယ်။ အဲဒီအချိန်တုန်းက ကျမက ချင်းမိုင်မှာ။ အလုပ်လုပ်ရမယ့် နေရာကို အရောက်သွားဖို့ ဖြစ်နိုင်တဲ့ နည်းလမ်းပေါင်းစုံနဲ့ ကျမကြိုးစားကြည့်တယ်။ ကိုယ်စားလှယ်လောင်းတွေနဲ့ လူကိုယ်တိုင် တွေ့ရပြီး သူတို့နဲ့ နီးနီးကပ်ကပ် အလုပ်အတူ လုပ်နိုင်ဖို့အတွက် မြန်မာပြည်ကို ပြန်မယ့်အရေးပေါ် လေယာဉ်ရှိရင် စီးနိုင်ဖို့ကိုတောင် နာမည်စာရင်းပေးထားမိသေးတယ်။ ကယ်ဆယ်ရေး လေယာဉ်စီးခွင့်ရမယ့် လူစာရင်းမှာပါဖို့ သုံးလလောက်စောင့်တယ်။ ကံကိုက မကောင်းဘူး။ လော့ဒေါင်းချလိုက်ပြီး မြန်မာနိုင်ငံထဲကို ဝင်ဖို့ ခရီးသွားခွင့်တွေ ပိတ်လိုက်တယ်။ ကုန်းလမ်းရော၊ လေကြောင်းရော အတူတူပဲ။ ဝင်ရင်လည်း ကွာရန်တင်း နှစ်ပတ်ဝင်ရမယ်။ ဒါ့ကြောင့် ပြည်တွင်းကို ပြန်ဖို့ လက်လျှော့လိုက်ရတယ်။ ကိုယ်လုပ်ရမယ့် အလုပ်တွေကောင်းကောင်းမှ လုပ်နိုင်ပါ့ မလားဆိုပြီး စိတ်ဖိစီးမှုတွေလည်း တအားများခဲ့တယ်။ ညညဆို ရင်လည်း အိပ်မပျော်ဘူး။

၂၀၂၀ နိုဝင်ဘာလ ပထမပတ်မှာ ရွေးကောက်ပွဲကျင်းပမယ်လို့ ကြေညာလိုက်တော့ အချိန်ကလည်းနီးသထက် နီးလာပြီလေ။ ဒါ့ကြောင့် အွန်လိုင်းနည်းပညာ၊ ဆိုရှယ်မီဒီယာနဲ့ သတင်းမီဒီယာပလက်ဖောင်းတွေကိုကိုပဲ အသုံးပြုဖို့ ရဲရဲကြီး ဆုံးဖြတ်လိုက်တယ်။ မြေပြင်ပေါ်မှာ အွန်လိုင်းနည်းပညာကိုအသုံးပြုဖို့အတွက် ကျမတို့မှာ လုံလောက်တဲ့ စွမ်းရည်မရှိပေမယ့်လည်း စိတ်တင်းပြီး ကြိုးစားခဲ့ကြပါတယ်။ အင်တာနက်လိုင်း မကောင်းဘူး။ ခဏခဏ မီးပြတ်တတ်တယ်။ ဒါ့ကြောင့် ဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့ စိန်ခေါ်မှုတွေ ကြုံရမယ်ဆိုတာကတော့ သိထားနှင့်ပြီးသားပါ။ ဒါပေမယ့် ကျမတို့ အလုပ်အဖွဲ့ကတော့ ကောင်းကောင်းပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

ကျမတို့အလုပ်အဖွဲ့က ဆက်သွယ်ခဲ့တဲ့ ရှမ်းအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်က ၆၀ ထက်မနည်းပါဘူး။ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ဆိုတဲ့ ရှမ်းပါတီ သုံးဖွဲ့ကပါ။ သူတို့ထဲက အမျိုးသမီး အယောက် ၃၀ နဲ့ အင်တာဗျူး လုပ်ဖြစ်ခဲ့ပါတယ်။

ကိုယ်စားလှယ်လောင်း တယောက်ချင်းစီကို ကျမတို့ အလုပ်အဖွဲ့ စက်တင်ဘာလထဲမှာ စပြီးအင်တာဗျူးပါတယ်။ အင်တာဗျူးတွေကို Zoom သုံးပြီးတော့ ရီကော့ဒ်မှတ်တမ်း လုပ်ထားတယ်။ ပြီးမှ တည်းဖြတ်တဲ့အဖွဲ့က ရီကော့ဒ် မှတ်တမ်းလုပ်ထားတဲ့ ဗီဒီယိုကို အချောသပ်ပါတယ်။ ပြီးရင် ဗီဒီယိုဖိုင်တွေကို စွမ်းရဲ့ ဖေ့ဘွတ် စာမျက်နှာမှာ တင်တယ်။ အဲဒီပို့စ်တွေကို ကိုယ်စားလှယ်လောင်းတွေက ရှဲတယ်။ ဒီဗီဒီယိုတွေကိုပဲ သျှမ်းသံတော်ဆင့် သတင်းဌာနရဲ့ ဖေ့ဘွတ်စာမျက်နှာမှာလည်း တင်ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်လောင်းတွေရဲ့ မိခင်ပါတီရဲ့ ဖေ့ဘွတ်စာမျက်နှာတွေကလည်း တင်ပါတယ်။ SNLD ရဲ့ တရားဝင် စာမျက်နှာနဲ့ သျှမ်းသံတော်ဆင့် မြန်မာဘာသာ စာမျက်နှာနဲ့ Tai TV Online စာမျက်နှာတွေကတဆင့် ပြန်တင်၊ ပြန်ရှဲတဲ့ ဗီဒီယိုတွေကို လူတွေကြားထဲ ပိုပေါက်ပါတယ်။ မြန်မာစကားပြောတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ ဗီဒီယိုတွေမှာ ရှမ်းလို စာတန်းထိုးပေးရသလို ရှမ်းစကားပြောတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ ဗီဒီယိုတွေမှာတော့ မြန်မာလို စာတန်းထိုးပေးရတယ်။

ကိုဗစ်နိုင်တင်းဖြစ်နေတဲ့ အခြေအနေ ၊ တိုက်ပွဲတွေလည်း ဆက်ဖြစ်နေတဲ့ အခြေအနေမှာ စွမ်းရဲ့ အလုပ်အဖွဲ့ဝင်တွေရော၊ လွှတ်တော် ကိုယ်စားလှယ်လောင်းတွေရော အတားအဆီး ကြီးကြီးမားမားနဲ့ ရင်ဆိုင်ရတာပါပဲ။ အခြေအနေအရ တခါတလေ မနက်စောစောထပြီး ဗျူးရတယ်။ တခါတလေ သူတို့ စည်းရုံးရေးကအပြန် ညအတော်နောက်ကျမှ ဗျူးရတာလည်း ရှိတယ်။ ဗျူးနေရင်းတန်းလန်း အင်တာနက်ပြတ်သွားလို့ နောက်တခေါက် ပြန်ချိန်းကြရတယ်။ တချို့ ကိုယ်စားလှယ်လောင်းတွေဆိုရင် အင်တာနက်လိုင်းကောင်းတဲ့ နေရာရောက်အောင် အတော်ဝေးဝေး သွားရသေးတယ်။

အချိန်အများဆုံးယူပြီး ဗျူးရတဲ့ ကိုယ်စားလှယ်လောင်းကတော့ RCSS နဲ့ မြန်မာစစ်တပ် အပြင်းအထန်တိုက်ပွဲတွေဖြစ်နေတဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ်က ကိုယ်စားလှယ်လောင်း တယောက်နဲ့ ဗျူးရတုန်းကပဲ။ ရွေးကောက်ပွဲရက်နီးလာတော့ အဲဒီ မဲဆန္ဒနယ်ထဲက ဧရိယာတချို့မှာရွေးကောက်ပွဲ ကျင်းပဖို့ ပယ်ဖျက်လိုက်ပါတယ်။ အဲဒီဒေသတွေမှာ ရွေးကောက်ပွဲ ကျင်းပနိုင်လောက်တဲ့အထိ တည်ငြိမ်ဖို့ မရှိလို့တဲ့။ အဲဒီ ကိုယ်စားလှယ်လောင်းအတွက် စိတ်မကောင်းပါဘူး။ သူ့က လူထုသဘောအကျဆုံးနဲ့ ထောက်ခံမှု အများဆုံး ကိုယ်စားလှယ်လောင်းပဲလေ။ သူက ရွေးကောက်ပွဲမှာ နိုင်ကို နိုင်ရမှာ။

ကိုယ်စားလှယ်လောင်းတွေနဲ့ အွန်လိုင်းကတဆင့် အလုပ်လုပ်ရတဲ့နေရာမှာ ကျမတို့အကြားမှာ ယုံကြည်မှုတွေ၊ ရင်းနှီးမှုတွေ တည်ဆောက်ယူရပါတယ်။ ဒါ့အပြင် ကျမတို့ သိထားတဲ့ နည်းပညာပိုင်း ကျွမ်းကျင်မှုတွေ မျှဝေနိုင်ခဲ့တယ်။ ဥပမာ Zoom လို အပလီကေးရှင်းကို ဘယ်လိုသုံးရမလဲ၊ ဘက်ဂရောင်း (နောက် ခံ) ကို ဘယ်လိုပြောင်းရမလဲ ဆိုတာမျိုးတွေပေါ့။ ကိုယ်စားလှယ်လောင်းတွေ ကြိုးစားပန်းစား လုပ်ပေးတာတွေ၊ ယုံကြည်ပေးတာတွေ၊ စိတ်ရှည်သည်းခံပေးတာတွေ၊ သူတို့ရဲ့ အချိန်နဲ့ ကာယ ဉာဏ်စွမ်းအားတွေ အတွက် ကျမတို့က အရမ်းကို ကျေနပ် ကျေးဇူးတင်မိပါတယ်။

စွမ်းရဲ့ အလုပ်အဖွဲ့ဝင်တွေအတွက်လည်း စိန်ခေါ်မှုတွေနဲ့ ပြည့်နေတဲ့ အချိန်ပါပဲ။ ဒီစီမံကိန်းမှာ ပါတဲ့သူတွေက ကိုဗစ်နိုင်တင်း ကန့်သတ်ချက်တွေကြောင့် တယောက်တနေရာစီမှာ နေနေကြရတာ။ ဒါ့ကြောင့်ကျမတို့ အချင်းချင်းကြားမှာ ပူးပေါင်းဆောင်ရွက်မှု ကောင်းကောင်းရှိဖို့၊ အဆက်အသွယ်မပြတ်ဖို့၊ အပြန်အလှန် နားလည်မှုရှိဖို့ အရေးကြီးပါတယ်။ ပုံမှန် အွန်လိုင်းမီတင်တွေရှိတယ်။ ဘာတွေလုပ်ထားကြသလဲ၊ ဘာတွေ ဖြစ်နေကြသလဲဆိုတာ ပြောပြကြတယ်။ ပြဿနာဖြေရှင်းခန်းမှာတော့ အကောင်းဆုံးဖြစ်အောင် ဦးနှောက်ခြောက်အောင် ဝိုင်းပြီး စဉ်းစားကြရတာပေါ့။ ဒါတွေက တန်ဖိုးရှိတဲ့ အတွေ့အကြုံဖြစ်တာကြောင့် ကောင်းတဲ့ စိန်ခေါ်မှုလို့ ကျမယူဆတယ်။

ဒီအတွေ့အကြုံကနေရတဲ့
အကောင်းဆုံး သင်ခန်းစာက
တော့ မမျှော်လင့်ထားတဲ့
အခြေအနေနဲ့ ကြုံရရင်
စိတ်ပျက် အားငယ်မနေဖို့ပဲ
ဖြစ်ပါတယ်။ တခြားနည်းလမ်း
တခုခု ဒါမှမဟုတ် နည်းလမ်းသစ်
တခုခုကို ပြောင်းသုံးရတာမှာကို
မကြောက်ဖို့လည်း လိုပါလိမ့်မယ်။
အကောင်းဆုံးနည်းလမ်းကို ရှာပြီး
အလုပ်ဖြစ်အောင် လုပ်ရမှာပါ။

လုပ်ဖို့ ဆုံးဖြတ်ထားရင် မဖြစ်နိုင်
ဘူးဆိုတာ မရှိပါဘူး။

**နန်းခမ်းအွမ်**
သတင်းပြန်ကြားရေးနှင့်
မှတ်တမ်းတင်ဌာနဒါရိုက်တာ



# မြန်မာစစ်တပ်က အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေ

## အောင်မြင်မှုများ

- ရှမ်းပြည်နယ်အတွင်းရှိ စွမ်းဝန်ထမ်းများနှင့် စွမ်းကွန်ရက်မှ အမျိုးသမီး တက်ကြွလှုပ်ရှားသူများအတွက် လုံခြုံသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ သယ်ယူပို့ဆောင်ရေးများ၊ လုံခြုံစွာ နေထိုင်နိုင်သည့် နေရာများအတွက် အလှူရှင် အဖွဲ့အစည်းအများအပြားထံမှ အရေးပေါ် ကူညီထောက်ပံ့မှုများ ရရှိခဲ့ခြင်း
- အာဏာသိမ်းပြီးနောက်ပိုင်း အင်တာနက်အား မဖြတ်တောက်မီ ဝန်ထမ်းများနှင့် အခြားအမျိုးသမီးကွန်ရက်များအတွက် ဆက်သွယ်ရေးပစ္စည်းများ အချိန်မီ ဖြန့်ဝေရန် စီမံနိုင်ခဲ့ခြင်း
- စွမ်းပင်မစင်တာအား လုံခြုံသည့် နေရာသို့ ရွှေ့ပြောင်းနိုင်ခဲ့ခြင်း
- စွမ်း၏ လုပ်ငန်းလည်ပတ်မှုများအား မဟာဗျူဟာကျကျ ပြန်လည်ချမှတ်နိုင်ခဲ့ခြင်း
- မြေပြင်ရှိ စွမ်းအသင်းဝင်များ၊ နောက်ဆုံး ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ကြသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှတဆင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်များ အရေးပေါ် အကူအညီများ ပေးနိုင်ခဲ့ခြင်း

# စိန်ခေါ်မှုများ

- အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များအား မြှင့်တင်ပေးရန်၊ အတူအလုပ်တွဲလုပ်ရန် စီမံကိန်း အပါအဝင် မြန်မာနိုင်ငံအတွင်း ဖော်ဆောင်မည့် လုပ်ငန်းအများအပြားအား ရပ်ဆိုင်းလိုက်ရခြင်း
- ဒေသတွင်း အာဏာပိုင်များနှင့် မြန်မာစစ်တပ်တို့က ဝန်ထမ်းအားလုံးအတွက် လုံခြုံရေးအရ ခြိမ်းခြောက်မှုများဖြစ်နေခြင်း
- ဒီဂျစ်တယ် လုံခြုံရေးနှင့် ပတ်သက်သည့် ဗဟုသုတနည်းပါးမှုကြောင့် မြေပြင်ရှိ ဝန်ထမ်းများ၊ ဆက်သွယ်ရေးတာဝန်ခံများအတွက် ဆက်သွယ်ရေးနှင့် ပတ်သက်သည့် အန္တရာယ်များရှိလာခြင်း
- ဝန်ထမ်းများ ရာထူးပြောင်းလဲရခြင်း၊ စာချုပ်ပြီးဆုံးသွားခြင်း၊ အချို့က နုတ်ထွက်ခြင်းတို့ကြောင့် ဝန်ထမ်းအင်အားအပေါ် သက်ရောက်မှုရှိခြင်း
- အာဏာသိမ်းပြီးစ နိုင်ငံရေးအခြေအနေ ဆိုးဝါးနေစဉ် အလှူရှင်အဖွဲ့အစည်းတခုက လုပ်ငန်းများအား အကောင်အထည်ဖော်ရန် ဖိအားပေးမှုများရှိခဲ့ခြင်း
- အင်တာနက် ချိတ်ဆက်မှု၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးများလုံခြုံမှု မရှိခြင်း
- ရှမ်းပြည်နယ်အတွင်း ထိတွေ့တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း



A candlelight vigil for the fallen heroes and heroines

# သူပြောသည့်စကား



## ပေရယ်

YWLT သင်တန်းဆင်းနှင့်
ဆက်သွယ်ရေးတာဝန်ခံ

မြန်မာနိုင်ငံမှာ ကိုဗစ်နိုင်တင်း ဖြစ်နေတုန်း ကျမမှာ ကိုယ်ဝန်စရှိတယ်။ စစ်တပ်က အာဏာသိမ်းတုန်းက ကျမ ဗိုက်က သုံးလပဲ ရှိသေးတယ်။ အဲဒီနောက် မြန်မာစစ်တပ်က KIA (ကေအိုင်အေ) ကို လေကြောင်းကနေ တိုက်ခိုက်တယ်။ ဗုံးတွေတအုန်းအုန်းနဲ့ ကျလာတော့ အခြေအနေကတော့ အရမ်းကြောက်ဖို့ ကောင်းတယ်။ လုံခြုံ စိတ်မချရတဲ့ နေရာတွေမှာ နေနေကြတဲ့ အမျိုးတွေ၊ အရပ်ထဲကလူတွေ၊ အိမ်နီးနားချင်းတွေကို ကျမတို့အိမ်မှာ လာခိုခိုင်းရတယ်။ လူတွေ အများကြီး အုံနေတာပဲ။

ကျမဗိုက်က ခွဲမွေးရမှာတဲ့။ ဒါပေမယ့် အဲဒီအချိန်တုန်းက ကချင်ပြည်နယ် တခုလုံးရှိတဲ့ဆေးရုံ၊ ဆေးခန်းတွေ အကုန်ပိတ်ထားကြတယ်။ ဗုံးတွေကြဲနေတဲ့ကြားထဲ၊ လုံခြုံရေးအတွက် စိတ်ပူနေရတဲ့ကြားထဲ ကျမ ကလေးမွေးနိုင်မယ့် နေရာကို လိုက်ရှာရပါတယ်။ကလေးမွေးပြီးတဲ့နောက် ဗုံးတွေကြဲနေတုန်းဆိုပေမယ့် အိမ်ကို ပြန်ခဲ့ကြရတယ်။ ဗုံးသံတွေက အကျယ်ကြီးပဲ။ မြေကြီးတွေလည်း တုန်သွားတယ်။ မြန်မာစစ်တပ်က ဗုံးတွေကြဲနေလို့ကျမတို့ ကောင်းကောင်း မအိပ်နိုင်ဘူး။ ကျမတို့ကလေးကို တင်းတင်းဖက်ထားပြီး တညလုံးထိုင်နေကြရတယ်။ ကိုယ့်လုံခြုံရေး အတွက် အိမ်ထဲက မီးကို မပြောနဲ့ ဖုန်းက မီးတောင် မထွန်းရဲဘူး။ တိတ်တိတ်လေးပဲ နေကြရတယ်။ တံခါးတွေလည်း အကုန်ပိတ်ထားရတယ်။ အိမ်ထဲမှာ လှောင်အိုက်နေတော့ ကျမကလေးကလည်း တညလုံးကို ငိုနေတော့တာပါပဲ။

ဒီလို အခြေအနေနဲ့ နှစ်ရက်လောက် ကြာပါတယ်။ အဲဒီနောက်တော့ ကျမမီးနေကာလအတွက် အစ်ကို့အိမ်ဆီ ပြောင်းနေကြတယ်။ ဗိုက်ခွဲထားတဲ့ အရာကလည်း ကောင်းကောင်းမကျက်သေးတော့ ကျမအတွက် အရမ်းကို ခက်ခဲတဲ့ အချိန်ပါပဲ။ စိန်ခေါ်မှုတွေကတော့ အဲဒီမှာပဲ ရပ်မနေပါဘူး။ ကျမအစ်ကိုနဲ့ ယောင်းမကလည်း လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်ရင်း မတော်တဆ ထိခိုက်မှု (အက်ဆီးဒန့်) ဖြစ်လိုက်သေးတယ်။ အစ်ကိုက ခြေထောက်ကျိုးသွားတယ်။ ယောင်းမရဲ့ ဒဏ်ရာကလည်း မသေးဘူး။ မျက်ခုံးကနေ ခေါင်းအထိ အချက် ၄၀ လောက်ချုပ်လိုက်ရတယ်။ ဒါနဲ့ တပတ်အတွင်းမှာပဲ မြို့လယ်မှာရှိတဲ့ ရှမ်းစာပေ/ယဉ်ကျေးမှု အသင်းရုံး အဆောက်အအုံထဲက ခန်းမကြီးထဲကို ကျမတို့ ပြောင်းနေကြရတယ်။

နောက်တော့ တခြားစစ်ဘေးရှောင်တွေ ရာနဲ့ချီပြီး ကျမတို့ နေတဲ့ နေရာကို ရောက်လာကြတယ်။ ပရဟိတအဖွဲ့တွေက မွေ့ရာ၊ အိပ်ယာခင်း၊ ခေါင်းအုံး၊ စောင် စတဲ့ပစ္စည်းတွေအပြင် စားစရာ သောက်စရာတွေ အများကြီး လာလှူကြတယ်။ ကျမက မီးနေ သည်ဆိုတော့ သူတို့လာလှူတာတွေ မစားနိုင်ပါဘူး။ ကိုယ့်ပိုက်ဆံ နဲ့ကိုယ် တခြားစားလို့ရတာတွေပဲ ဝယ်စားရပါတယ်။

အဲဒီမှာ နေရတာ နှစ်လလောက်ကြာတော့ အိမ်ကို ပြန်ကြတယ်။ တိုက်ပွဲတွေကတော့ မပြီးသေးပါဘူး။ ကျမဗိုက်က အနာကလည်း အရမ်းနာလာတော့ ရွာက ဆေးခန်းမှာပဲ ဆေးကုရတယ်။ မြို့ပေါ် မှာလည်း တိတ်ဆိတ်နေတာပါပဲ။ တအိမ်ကို တယောက်လောက်ပဲ ရှိတယ်။ ကိုဗစ်နိုင်တင်း စဖြစ်ကတည်းက ကျမတို့မှာ ဝင်ငွေလည်း မရှိဘူး။ အလုပ်မလုပ်နိုင်တဲ့ အချိန်ကလည်း အကြာကြီးပဲ။ စားဖို့ သောက်ဖို့အတွက် စုဆောင်းထားတာလေးနဲ့ သုံးကြရတယ်။ ဒီလို အရမ်းခက်ခဲတဲ့ အချိန်မှာ စွမ်းနဲ့လည်း အဆက်အသွယ် ပြတ်သွား တော့ ဘာလုပ်ရမှန်းမသိတော့ဘဲ အရမ်းကို စိတ်ဓာတ်ကျမိတယ်။

တကယ်လို့ စွမ်းထောက်ပံ့နိုင်မယ်ဆိုရင် အမျိုးသမီး နှီးနှော ဖလှယ်ပွဲတွေ လုပ်ချင်တယ်။ လူထုကို အကူအညီတွေ ပေးချင် တယ်။ ကျမ စွမ်းကို ချစ်တယ်။ သံယောဇဉ်အရမ်းရှိတယ်။ ဒါ့ကြောင့် ထူးခြားရင် ကျမကို ပြောပြကြပါ။ ကျမအနေနဲ့ အမျိုးသမီးတွေနဲ့ ကျမတို့ လူထုအတွက် ကူညီပေးဖို့ အသင့်ပါပဲ။

**ကလေးမွေးပြီးတဲ့နောက် ဗုံးတွေကြဲနေတုန်းဆိုပေမယ့် အိမ်ကို ပြန်ခဲ့ကြရတယ်။ ဗုံးသံတွေ အကျယ်ကြီးပဲ။ မြေကြီးတွေလည်း တုန်သွားတယ်။ မြန်မာစစ်တပ်က ဗုံးတွေကြဲနေလို့ ကျမတို့ ကောင်းကောင်း မအိပ်နိုင်ဘူး။ ကျမတို့ ကလေးကို တင်းတင်းဖက်ထားပြီး တညလုံး ထိုင်နေကြရတယ်။**

# အလုံးစုံကို ခြုံငုံ ကြည့်ခြင်း

## အောင်မြင်မှုများ

- အခြေအနေအရ “ရပ်ဆိုင်းထားသည့်” စီမံကိန်းများနှင့် စွမ်း၏ နယ်စပ်ဖြတ်ကျော် လုပ်ငန်းများ တစုံလုံးအား ပြန်လည်စတင်နိုင်ခြင်း
- နေရာအသီးသီးရှိ စွမ်းဝန်ထမ်းများ အကြား ညှိနှိုင်းဆောင်ရွက်မှု၊ ဆက်သွယ်မှုနှင့် ရင်းနှီးနှောင်ဖွဲ့မှုများ ပိုမိုကောင်းမွန်လာခြင်း၊
- ဝန်ထမ်းတဦးချင်းစီ အနေဖြင့်လည်း မိမိကိုယ်မိမိ ယုံကြည်မှု ပိုမိုရရှိလာပြီး ၎င်းတို့၏ အလုပ်ခွင်၌ပင် လေ့လာသင်ယူရင်း အလုပ်နှင့် သက်ဆိုင်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်လာကြသည့်အတွက် ၎င်းတို့၏ တကိုယ်ရည် ကျွမ်းကျင်မှုနှင့် လုပ်ငန်းပိုင်းကျွမ်းကျင်မှုများ မြင့်တက်လာခြင်း
- စည်းရုံး လှုံ့ဆော်ရေးနှင့် ကွန်ရက်ချိတ်ဆက်ရေး လုပ်ငန်း အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နိုင်သည့် စွမ်း၏ မျိုးဆက်သစ်လူငယ် အရေအတွက် မြင့်တက်လာခြင်း
- ကိုဗစ်နိုင်တင်း ကပ်ရောဂါဖြစ်ပွားပြီးနောက် ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတွင် စစ်အာ ဏာသိမ်းမှုကြောင့် ပေါ်ပေါက်လာသည့် အခက်အခဲများ၊ အဖွဲ့တွင်းနှင့် အဖွဲ့ပြင်မှ စိန်ခေါ်မှုများ အားလုံးအား စွမ်း၏ မျိုးဆက်သစ်လူငယ်များ ပြောင်မြောက်စွာ ကြံ့ကြံ့ခံ ကျော်ဖြတ်နိုင်ခဲ့ခြင်း
- စွမ်းသင်တန်းသူဟောင်းများက ဆက်သွယ်ရေး ဗဟိုချက်အဖြစ်လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်သူများအဖြစ်လည်းကောင်း စသည်ဖြင့် အထောက်အကူပြုနေသူများဖြစ်ရာ ၎င်းတို့၏ အခန်းကဏ္ဍကို စွမ်းလှုပ်ရှားဆောင်ရွက်နေသည့် ဒေသတွင်းရှိ လူထု၏ အသိအမှတ်ပြုမှု မြင့်တက်လာခြင်း၊ လူထုကလည်း ၎င်းထံမှ အကြံဉာဏ်များ တောင်းခံခြင်းများတိုးမြင့်လာခြင်း
- ထိုင်းနိုင်ငံ ပညာရေးစနစ်အောက်ရှိ ကျောင်းများသို့ တက်ခွင့်ရသည့် စွမ်း စာသင်ကျောင်းထွက် ကျောင်းသူကျောင်းသား အရေအတွက် ပိုမိုတိုးများလာခြင်း
- ထိုင်းနိုင်ငံအတွင်းရှိ ဒေသန္တရနှင့် နိုင်ငံအဆင့် ကွန်ရက်များအပြင် နိုင်ငံတကာကွန်ရက်များနှင့် ခိုင်မာစွာ ပြန်လည် ချိတ်ဆက်နိုင်ခဲ့ခြင်း

# စိန်ခေါ်မှုများ

- စွမ်း လှုပ်ရှားဆောင်ရွက်နေသည့် ဒေသများတွင် ထိတွေ့တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောကြောင့် အချို့စီမံကိန်း လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်သေးခြင်း မရှိခြင်း
- မြန်မာနိုင်ငံ၌ လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်း၊ အင်တာနက် မတည်ငြိမ်ခြင်း၊ လျှပ်စစ်မီး ပြတ်တောက်ခြင်းတို့ကြောင့် အချို့သော လုပ်ငန်းအစီအစဉ်များ ရွှေ့ဆိုင်းရခြင်း၊ နှောင့်နှေးခြင်းများ ရှိခဲ့၍ လုပ်ငန်းအစီအမံများကို အပြောင်းအလဲလုပ်ခဲ့ရခြင်း
- လိုအပ်သည့် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများရှိသော ဝန်ထမ်း အသစ်များ ထပ်မံခန့်ထားနိုင်ရန် လုံးပမ်းနေရခြင်း ဝန်ထမ်းအင်အား မလုံလောက်မှုကို ကြုံတွေ့နေရခြင်း
- ဝန်ထမ်းများ ထိုင်းနိုင်ငံအတွင်း တရားဝင် နေထိုင်နိုင်ရန်အတွက် ဘဏ္ဍာရေးအရ အကန့်အသတ်ရှိခြင်း
- ပညာရေးလုပ်ငန်းစဉ်အတွက် ရေရှည်ထောက်ပံ့မည့် အလှူရှင်နှင့် ရန်ပုံငွေ များရရှိရန် အဓိက စိန်ခေါ်မှုများဖြစ်နေခြင်း
- မြန်မာနိုင်ငံမှ ထပ်မံရောက်ရှိလာသူများအား အထူးသဖြင့်ရှမ်းပြည်နယ် အတွင်း လက်နက်ကိုင်အဖွဲ့များ၏ အတင်းအကြပ်စစ်သားစုဆောင်းသည့် ဒဏ်မှ ထွက်ပြေးတိမ်းရှောင်လာကြသည့်ကလေး သူငယ်များအား အကူအညီပေးရန်အတွက် ရန်ပုံငွေအကန့်အသတ်ရှိခြင်း
- ဆက်သွယ်ရေးစနစ်များ၊ ဘဏ်နှင့် ကိုယ်ရေးအချက်အလက်မှတ်ပုံတင်ရမှု များ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား မြန်မာစစ်တပ်က ထိန်းချုပ်ထား သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းများအားလုံးအတွက် လုံခြုံရေး အရ အလွန် စိုးရိမ်ပူပန်ရခြင်း
- စွမ်း လှုပ်ရှားဆောင်ရွက် နေသည့် ဒေသများတွင် တင်းမာမှုများ၊ လက်နက်ကိုင် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသောကြောင့် လူထု အတွက် လုံခြုံရေးအရ ခြိမ်းခြောက်မှုများရှိခြင်း

# သူပြောသည့် စကား

## မွှမ်းလောဝ်
ဝန်ထမ်း


ကိုဗစ်နိုင်တင်းဖြစ်ပြီးတော့နောက် အာဏာကသိမ်းလိုက်နဲ့ ဘဝတွေက အတော်ဆိုး ပါတယ်။ ကျမကလေးတွေ ကျောင်းမတက်နိုင်တော့ဘူး။ ကိုယ့်လုံခြုံရေးကို စိုးရိမ်ရတာကြောင့် နောက်ဆုံးတော့ ကျမတို့ ဇာတိမြို့ကို စွန့်ပြီး ထိုင်း-မြန်မာနယ်စပ်ဘက်ကို ထွက်လာခဲ့ကြရတယ်။

ကျမတို့အုပ်စုမှာ လူဆယ်ယောက်ပါတယ်။ အဲဒီမှာ ကလေးအမေက သုံးယောက်။ မနက်စောစော ၅ နာရီလောက် ကတည်းက အိမ်က ထွက်လာကြတယ်။ အခြေအနေတွေက မတည်ငြိမ်တော့ မနက် ၇ နာရီခွဲကနေ ည ၁၀ နာရီခွဲ အထိ တောတွေတောင်တွေကို ဖြတ်ပြီး လမ်းလျှောက်သွားရတယ်။ လမ်းတလျှောက် ကျမကလေးတွေက ငိုလိုက်တာမှ မပြောနဲ့တော့။ သူတို့အဖေက လိုက်မလာနိုင်လို့ သူတို့တအား ဝမ်းနည်းနေကြတာ - ကျမတို့ သားအမိ လေးယောက်ပဲ လာခဲ့ရတယ်။ စိတ်ကို မကောင်းဘူး။ အငယ်ဆုံးလေးကတော့ ကျမတို့ ထိုင်းနိုင်ငံကို သွားနေတယ်ဆိုတာ မသိတတ်သေးဘူး။ ကျမက သူ့ကို ကျောပိုးရင်းလက်တဖက်က ခရီးဆောင်အိတ်ကိုဆွဲ၊ နောက်လက်တဖက်က ကျမရဲ့နံပါတ်နှစ် ကလေးကို ဆွဲပြီး လမ်းလျှောက်ရတယ်။ လမ်းတဝက်လောက်ရောက်တော့ လူငယ်တယောက်ကကျမနံပါတ်နှစ်ကလေးကို ကူပြီးကျောပိုးခေါ်ပေးမယ်လို့ ပြောပါတယ်။ ကျမအတွက်လည်း သက်သာသွားသလို သူကူပေးလို့ ကျမတို့ တဖွဲ့လုံးလည်း ခရီးမဖင့်တော့ဘူး။

တဖွဲ့လုံးစိုးရိမ်ကြတာကတော့ လမ်းမှာ ကလေးတွေ အကျယ်ကြီး အော်ငိုမှာကို စိုးတာပါပဲ။ ဒါ့ကြောင့် သူတို့ကို အိပ်ဆေးတိုက်ရတယ်။ ဒါပေမယ့် ကျမကလေးတွေကိုတော့ ကျမဘာဆေးမှ မတိုက်ဘူး။ ခရီးက သုံးရက်နဲ့ နှစ်ည ကြာတယ်။ တည အိမ်တအိမ်မှာ ဝင်တည်းတုန်းက ကျမတို့ သားအမိတွေ အတွက် စောင်ပါးပါးလေး တထည်ပဲရလို့ ကလေးသုံးယောက်ကိုပဲ ခြုံပေးလိုက်ရတယ်။ အဲဒီညက ကလေးတွေ အားလုံးအတွက် စားစရာဘာမှမရှိဘူး။

ကလေးကို ကျောပိုးရင်း၊ အိတ်ကို ဆွဲရင်းနဲ့ ချောလဲကျတာ နှစ်ခါတောင်။ ပထမတခါ လဲတုန်းကတော့ ဘာမှ မဖြစ်ဘူး။ နောက်တခါကျတော့ လျှိုကလေးထဲကို လျှောကျသွားတော့ တာပဲ။ ကျောပေါ်က ကျမကလေးက ငိုလိုက်တာ မပြောနဲ့ တော့။ ကျမ သားအကြီးဆုံးက ကျမကို လျှိုထဲက ဆွဲထုတ် ပေးတယ်။ အဲဒီနောက်သားကြီးက ကျမအိတ်ကို ဝိုင်းသယ် ပေးကြဖို့ အဖွဲ့ထဲကလူတွေဆီထပ်ခါထပ်ခါအကူအညီ တောင်းတယ်။ ကျမလည်းနားလည်ပါတယ်။ အားလုံးက သူ့ဟာနဲ့သူကို အရမ်းပင်ပန်းနေကြပြီလေ။ သားကြီးကိုပဲ စိတ်အေးအေးထားဖို့ နားချရတယ်။ အမေတို့ ရောက်ခါနီး ပြီ၊ စိတ်အေးအေးထား၊ အားတင်းထားလို့အားပေးရတယ်။

**လမ်းတလျှောက် ကျမကလေးတွေက ငိုလိုက်တာမှ မပြောနဲ့တော့။ သူတို့အဖေ က လိုက်မလာနိုင်လို့ သူတို့တအား ဝမ်းနည်းနေကြတာ - ကျမတို့ သားအမိ လေးယောက်ပဲ လာခဲ့ရတယ်။ စိတ်ကို မကောင်းဘူး။ အငယ်ဆုံးလေးကတော့ ကျမတို့ ထိုင်းနိုင်ငံကို သွားနေတယ်ဆို တာ မသိတတ်သေးဘူး။ ကျမက သူ့ကို ကျောပိုးရင်း လက်တဖက်ကခရီးဆောင် အိတ်ကိုဆွဲ၊ နောက်လက်တဖက်က ကျမရဲ့ နံပါတ်နှစ် ကလေးကိုဆွဲပြီး လမ်းလျှောက်ရတယ်။**



# သူပြောသည့် စကား



## စမ်ဖောင်း

လူထု ကျန်းမာရေးစောင့်ရှောက်သူ

**လူထုကျန်းမာရေး စောင့်ရှောက်သူ တယောက်အနေနဲ့ အိမ်နီးနားချင်းတွေ နေထိုင်မကောင်းဖြစ်လို့ အကူအညီလိုတဲ့ အခါ သူတို့အိမ်အထိ လိုက်ပြီး ကူညီပါ တယ်။ တခါတလေ မြန်မာစကား မတတ်တဲ့သူတွေ မြို့က ဆေးရုံကို သွားမယ်ဆိုရင်လည်း ဘယ်သူမှ ပြောစရာမလိုဘဲ လိုက်ပို့ပေးပါတယ်။ တခါတလေ ဘယ်သူမှ ကူညီတဲ့သူတွေ မရှိရင် ကျမကပဲ သူတို့အတွက် ဆေးဖိုး ဝါးခတွေ ပေးရပါသေးတယ်။**

ကျမနေတဲ့ ဒေသက ရွာခြောက်ရွာမှာ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကြည့်ရှုပေးပါတယ်။ အဲဒီထဲက ရွာတရွာကို သွားတုန်းက အသက် ခုနစ်နှစ်အရွယ်ယောက်ျားလေး တယောက် ဗိုက်ဖောင်းပြီး အသား တွေ ဝါနေတာကို တွေ့တယ်။ သူမိသားစုကို ဖြစ်ပုံပျက်ပုံ မေးကြည့် ပြီးတဲ့နောက်ပိုင်း ဒီကလေးကို တလတကြိမ် သွေးသွင်းဖို့ လိုတယ် လို့ သိလိုက်ရတယ်။ သွေးမသွေးနိုင်ဘူးဆိုရင် ကလေးက အားနည်းလာပြီး အိပ်ယာက ထနိုင်တော့မှာ မဟုတ်ဘူး။ ဒီရောဂါ ကြောင့် ကလေးက ကျောင်းမတက်နိုင်တော့ဘူး။ ကလေးက သူ့အမေဘက်က အဘိုးအဘွားနဲ့ အတူနေတယ်။ သူ့မိဘတွေက ကွာရှင်းကြပြီး ထိုင်းနိုင်ငံဘက် အလုပ်သွားလုပ်နေကြတယ်တဲ့။ ကလေးရဲ့ ဆေးကုသစရိတ်အတွက် ကလေးအမေကပဲ

အကုန်အကျခံပြီး သူ့သားလေး ပြန်ကောင်းလာမယ်၊ ကျောင်းပြန်တက်နိုင်မယ်လို့ မျှော်လင့်နေတာပေါ့။ တနေ့ကလေးရဲ့အဘွားက ကျမနဲ့ လာပြီးတိုင်ပင်တယ်။ ကလေးကို မြို့ဆေးရုံဆီ ပို့ပြီး ကုပေးချင်တယ်တဲ့။ ဆေးကုသစရိတ်အတွက် အိမ်နီးနားချင်းနဲ့ ဆွေမျိုးတွေဆီက ပိုက်ဆံချေးမယ်လို့ ပြောတယ်။

ဒါနဲ့ ပြီးခဲ့ ၂၀၂၃ ဖေဖော်ဝါရီလတုန်းက ကောင်လေးနဲ့ သူ့အဘွားကို ကျမတောင်ကြီးရောက်အောင် လိုက်ပို့တယ်။ ကျမသိတဲ့ ဆရာဝန်နဲ့ပြပြီးတော့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးကိုသွားပြီး ကောင်လေးရောဂါကို စစ်တယ်။ ကောင်လေးကို ခွဲစိတ်ကုသဖို့ လိုတာကြောင့် အဲဒီက ဆရာဝန်ကလည်း စဝ်စံထွန်း ဆေးရုံကြီးကို ဆက်သွားဖို့ လွှဲပေးလိုက်တယ်။

ကိုယ့်ရှေ့မှာ ခွဲစိတ်ခံဖို့ စောင့်နေတဲ့ လူနာတွေက အများကြီးရှိနေသေးလို့ ကျမတို့လည်း ဆေးရုံပြင်ပကပဲ စောင့်ခိုင်းတယ်၊ နောက်ငါးရက်နေမှ ပြန်လာခိုင်းတယ်။ ဟိုတယ်မှာ တည်းဖို့ စရိတ်လည်း မတတ်နိုင်တော့ ကျမအမျိုးအိမ်မှာ တည်းရတယ်။ စရိတ်လည်း မျှပေးရတာပေါ့။ ရက်နည်းနည်းစောင့်လိုက်တော့ ကောင်လေးနာမည်လည်း ခွဲစိတ်ခံဖို့ စာရင်းထဲ ပါလာပြီ။ အဲဒီအတောတွင်း ကျမကလေး ဖိုက်နာနေတယ်လို့ ကျမယောက်ျားက ဖုန်းဆက်လာတယ်။ ကောင်လေးနဲ့ သူ့အဘွားကိုလည်းဆေးရုံမှာ ထားပစ်ခဲ့ဖို့လည်း မဖြစ်နိုင်ဘူးလေ။ ဒါ့ကြောင့် ကျမကလေးကို တောင်ကြီးခေါ်လာဖို့ ကျမယောက်ျားကို ပြောလိုက်တယ်။

မခွဲစိတ်ခင်မှာ ကောင်လေးနဲ့ သူ့အဘွားကို ဘာမှ မစိုးရိမ်ဖို့၊ မကြောက်ဖို့ပြောပြီး အားပေးရတယ်။ ခွဲစိတ်ခန်းကို ရောက်တော့ ကောင်လေးက ရေနည်းနည်း သောက်ထားတာကို သူနာပြုတွေက သိသွားလို့ ခွဲစိတ်ဖို့ကိုနောက်နေ့ ရွှေ့လိုက်ရသေးတယ်။ ခွဲပြီးစိတ်ပြီးတော့ ခွဲစိတ်ကုသခနဲ့ပတ်သက်လို့ ကျမတို့တတ်နိုင်သလောက် ပေးဖို့ ဆေးရုံက ပြောပါတယ်။ ကျမတို့က ငါးသောင်းလောက်ပဲ (ဒေါ်လာ ၂၀) တတ်နိုင်တယ်လေ။ ဒါ့အပြင် ခွဲစိတ်ပြီးနောက်ပိုင်း သောက်ရထိုးရတဲ့ ဆေးတွေကို ကျမတို့ဘာသာအပြင်ကဝယ်လာရတယ်။ တောင်ကြီးမှာ နာမည်ကြီးတဲ့ ဆေးရုံတွေက ဝယ်ရတာလေ။ တပတ်လောက်ကြာပြီးမှ ဆရာဝန်က ကောင်လေးကို ဆေးရုံ ပေးဆင်းတယ်။ ကျမတို့လည်း ပျော်လိုက်တာမှ ဘာပြောကောင်းမလဲ။ ကောင်လေးနဲ့ သူ့အဘွားနှစ်ယောက်စလုံးကို ပြုစုရတာ ဆိုတော့ ခွဲစိတ်ခံဖို့စောင့်နေရတုန်းကရယ်၊ ဆေးရုံတက်နေရတုန်းရယ် အရမ်းကို ပင်ပန်းတယ်။ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း ကြိုးစားပြီးလိုက်လုပ်ပေးပါတယ်။ ကောင်လေးက ညညဆို ထထငိုတတ်လို့ သူ့ကို ထပြီးကြည့်ပေးရတော့ မအိပ်ရတဲ့ ညတွေလည်း ရှိတယ်။ တချို့ရက်တွေမှာ  မြို့ထဲဆယ်ပတ်လောက် ပတ်ပြီး ဆရာဝန်ပြောတဲ့ဆေးတွေ လိုက်ရှာဝယ်ရတယ်။


ဘယ်လိုပဲ ဖြစ်ဖြစ်၊ ကျမ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေအများကြီးရလိုက်တယ်။ ကျမ မိသားစုမှာ ကျမကို လိုအပ်နေတဲ့အချိန်မှာ ကျမကပျက်ကွက်ခဲ့တဲ့ အချိန်တွေ ရှိခဲ့ဖူးပေမယ့်လည်း ကျမတို့ ရပ်ရွာက လူတွေကို ကူညီနိုင်တဲ့အတွက် ကျမ ကျေနပ်ပါတယ်။ ဒါ့အပြင် ဒီဖြစ်စဉ်အတွက် စွမ်းကနေ ငွေကြေးအကူအညီ တချို့ ရလိုက်လို့လည်း ကျမ ပျော်မိပါတယ်။

Shan Women's Action Network

Women's League of Burma

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB နှင့် မြန်မာပြည် အမျိုးသမီးလှုပ်ရှားမှုတွင် စွမ်း၏ ပါဝင်ပေးဆပ်ခြင်းများ

- နိုင်ငံရေးနှင့် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် လေးလေးနက်နက် ပါဝင်ပေးခြင်း
- အစီရင်ခံစာများ အပါအဝင် လှုံ့ဆော်စည်းရုံး စာရွက်စာတမ်းများအတွက် နည်းပညာပိုင်းနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အကြံဉာဏ်နှင့် ထိရောက်သော အကူအညီများပေးခြင်း
- WLB အတွက် ဗီဒီယိုမှတ်တမ်းများ ထုတ်လုပ်ပေးခြင်း
- WLB ၏ စာအုပ်များ၊ နဖူးစည်းစာတမ်းများ၊ မတ်တပ် ဆိုင်းဘုတ်များ၊ ကမ်ပိန်းများတွင် အသုံးပြုသည့် စာရွက်စာတမ်းများအတွက် ဒီဇိုင်း အဆင်အပြင်များ ပြုလုပ်ပေးခြင်း






March 2019
documentary of voices of women survivors from civil war.
/wlbpower/
www.womenofburma.org
Constituting our Rights
Women's League of Burma (WLB)
February 2006
Looking Through Gender Lenses
Position Paper on Gender Equality
Women's League of Burma (WLB)
September 2006
BUILDING A MOVEMENT
WITHIN THE MOVEMENT
WLB marks ten years of gender activism
December 2009
In the Shadow
of the Junta
CEDAW Shadow Report
By Women of Burma
2008
LONG WAY TO GO
Continuing Violations of
Human Rights and Discrimination
Against Ethnic Women in Burma
CEDAW Shadow Report
July 2016
WOMEN'S LEAGUE OF BURMA
Ending Impunity
Women of Burma call for UNSC action on use of Rape as a Weapon of War and Crimes against Humanity in Burma
Produced by
Women's League of Burma
June 2009
Women's League of Burma
20 Years of Activism
FOR EQUALITY, JUSTICE AND PEACE
STRATEGIES TO PROMOTE
GENDER EQUALITY
Policy Paper by
the Salween Institute for Public Policy
in Partnership with
the Women's League of Burma
January 2018
GENDER AWARENESS
GENDER EQUALITY
GENDER MAINSTREAMING
GENDER BUDGETING
GENDER SENSITIVE POLICY
QUOTA SYSTEM
Bringing Justice to Women
Women of Burma call for a UN Commission of Inquiry and UNSC Referral of Top Leader Senior General Than Shwe and his cronies to ICC for War Crimes and Crimes against Humanity in Burma
Produced by
Women's League of Burma
November 2011
www.womenofburma.org
LET
US
WORK
TOGETHER
TO
END
VIOLENCE
AGAINST
WOMEN
Women's League of Burma
URGE
Voices of Women Survivors from Civil War
Analyzing the Principles of
GENDER EQUALITY
Adopted by Union Peace Conference
where are the women?
#Manel_Exhibition
OCTOBER 17 - 29, 2023
Curved Wall, 4th Floor
Bangkok Art & Culture Centre
939 RAMA 1 RD, PATHUM WAN,
BANGKOK 10330, THAILAND
OPENING
OCTOBER 19
5:30PM
AT SEA-JUNCTION
4TH FLOOR OF
THE SALWEEN INSTITUTE
SEAJUNCTION


# စွမ်း လုပ်ငန်းစဉ်များအကြောင်း တစေ့တစောင်း

အမျိုးသမီး
စွမ်းရည်မြှင့်တင်ရေး
လုပ်ငန်းစဉ်

**၁၈၂** အမျိုးသမီးများအား စွမ်းရည်မြှင့်တင်






## အမျိုးသမီးများ ကျန်းမာပျော်ရွှင် လုပ်ငန်းစဉ်

မြို့နယ် ၈ ခုအတွင်းရှိ ရွာစုစုပေါင်း ၆၀+ တွင်

ဒေသအတွင်းကျန်းမာရေး စောင့်ရှောက်သူ ၄၀ ဦးရှိ

## ပညာရေး လုပ်ငန်းစဉ်

- ထိုင်း-ရှမ်း နယ်စပ်ရှိ မူလတန်းကျောင်းတစ်ကျောင်းနှင့် မူကြိုကျောင်း ၃ ကျောင်းအတွက် ဆက်လက်လည်ပတ်နိုင်ရေးအတွက် ပံ့ပိုးကူညီခြင်း။
- HIV+ ဖြစ်သူ၏ကလေးများ၊ မိဘမဲ့ကလေးများနှင့် အလွန်ဆင်းရဲသော မိသားစုများမှ ကလေးများအတွက် ပညာသင်ဆုများအား ပေးအပ်ခြင်း။
- အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဆောင်ရွက်ပေးခြင်း။

# အလှူရှင်အဖွဲ့အစည်းများ စာရင်း

| No. | Donors | Country | 1999-2009 | 2010-2019 | 2020-2024 | Activities / Program |
|---|---|---|---|---|---|---|
| | American Jewish World Service (AJWS) | USA | | | | Health |
| | APCASO Foundation | Thailand | | | | Strengthening the Organizational Capacity |
| | APHEDA via DAK Foundation | Australia | | | | Education |
| | Asia Indigenous People Pact Foundation (AIPP) | Thailand | | | | COVID 19 Emergency Response |
| | Austcare | Australia | | | | Women's Empowerment |
| | Australian Embassy | Thailand | | | | Health education for rural migrant workers |
| | between borders | Germany | | | | Education |
| | Body Shop | UK | | | | Education |
| | Bradley | Hong Kong | | | | Education |
| | Burma Lifeline | USA | | | | Health |
| | Burma Relief Centre (BRC) | Thailand | | | | Health |
| | Chiang Mai International Rotary Club | Thailand | | | | Education |
| | Children on the Edge | UK | | | | Education |
| | City Life | Thailand | | | | Education |
| | Cosefeb | France | | | | Education |
| | Danish Burma Committee (DBC) | Denmark | | | | Education |
| | Department for International Development (DFID) | UK | | | | Educatio, health and women's empowerment activities including radio brodcasting to build social capital along Thai-Shan border and Central Shan State under the project" Reducing Vulnerability of Displaced Shan |
| | Dom Thai | Thailand | | | | Education |
| | Embassy of the Netherlands | The Netherlands | | | | Case supported under Women's Well - being |
| | Euro Burma Office (EBO) | Canada | | | | Advocacy, Education & Emergency support |
| | Firetree Asia Foundation | Hong Kong | | | | Education |
| | Foundation for the People of Burma (FPB) | USA | | | | Education |
| | Help Without Frontiers | Germany | | | | Education |
| | Humanitarian Aid Relief Trust (HART) | UK | | | | **Health & Crisis support** Women's Well - being & Education & Organizational Development Workshop & Strategy Planning workshop and COVID 19 Emergency Response |
| | Hussman Foundation | USA | | | | Education |

| No. | Donors | Country | 1999-2009 | 2010-2019 | 2020-2024 | Activities / Program |
|---|---|---|---|---|---|---|
| | International Indigenous Women's Fund (AYNI/FIMI) | Peru | | ■ | ■ | Young Women's Leadership Training under Women's Empowerment |
| | InFoAid | Thailand | | | ■ | COVID 19 Emergency Support |
| | International Network of Engaged Buddhists | USA | | | ■ | COVID 19 Emergency Support |
| | International Republican Institute (IRI) | USA | ■ | | | Political Exchange; Alternative Tourist Guidebook; Administration support |
| | International Women for Peace and Justice | Thailand | | ■ | ■ | SWAN Cafe |
| | International Women's Development Agency(IWDA) | Australia | ■ | ■ | ■ | WEP & ID; Organizational Strengthening activities |
| | LifePrep & Starfish fund | Thailand | | ■ | | Education |
| | LUSH | Hong Kong | | ■ | | Adolecsent training under Women's Well- being Programm, Education |
| | Magical Light Foundation | Singapore | | ■ | | Education |
| | Maris Foundation | Thailand | | | ■ | Education |
| | Move92 | USA | | | ■ | COVID 19 Emergency Support, Youth Exchange & Women Exchange |
| | National Endownment for Democracy | USA | ■ | ■ | ■ | SWAN Center running; Staff salaries & Consultation, Networking & Advocay |
| | Norwegian Church Aid (NCA) | Norway | ■ | ■ | | Health & Women's Empowerment, Raising gender awareness among Shan Community project |
| | Open Society Institute (OSI) | USA | ■ | | | Office running & Internship |
| | Pact Myanmar | USA | | | ■ | Information and Documentation |
| | Partner Asia | USA | | ■ | ■ | Emergency case support, Education, COVID 19 Emergency Response, 16 Days activism |
| | PAWANKA Fund | USA | | | ■ | COVID 19 Emergency Support |
| | Philanthropy Connections Foundation | Thailand | | ■ | ■ | Education, COVID 19 Emergency Response |
| | Planet Wheeler | Australia | | ■ | ■ | Education |
| | Probono | Germany | ■ | | | Education |
| | Stichting Care For Children | Netherland | | ■ | | Education |
| | Tebtebba Foundation | Philippines | | | ■ | COVID 19 Emergency Response |
| | Terre des Hommes | Germany | ■ | | ■ | Raising gender awareness among Shan Community project<br>Child Safety and Protection Project for Ethnic Minority Children in Post Conflict Area |
| | Thai Life | Thailand | ■ | | | Education |

| No. | Donors | Country | 1999-2009 | 2010-2019 | 2020-2024 | Activities / Program |
|---|---|---|---|---|---|---|
| | The Embassy of the Netherlands | The Netherlands | | | | Young Women's Leadership Training under Women's Empowerment |
| | The Popocatepetl Trust | USA | | | | Education |
| | Unitarian Universalist Service Committee | USA | | | | Office Running cost |
| | Urgent Action Fund | USA | | | | Emergency support for women's human rights defenders |
| | Women's Education for Advancement and Empowerment (WEAVE) | Thailand | | | | Income generation workshop |
| | Women's Fund Asia (WFA) | Sri Lanka | | | | Women's Empowerment activities |
| | Private donors | | | | | Education and other Emergency support |

# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| APWLD | အာရှ ပစိဖိတ် အမျိုးသမီး၊ ဥပဒေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် |
| CDM | အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု |
| CSO | အရပ်ဖက် အဖွဲ့အစည်း |
| DBC | ဒိန်းမတ် မြန်မာ့ရေးရာကော်မတီ |
| DFID | ဗြိတိန်နိုင်ငံ အစိုးရ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန |
| EAO/ERO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း/တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း |
| EWLT | အမျိုးသမီး ခေါင်းဆောင်များ သင်တန်း |
| GO | အစိုးရဌာနဆိုင်ရာအဖွဲ့အစည်း |
| IDP | နေရာမဲ့  စစ်ဘေးဒုက္ခသည်များ |
| JRS | ဂျူးရစ် ဒုက္ခသည် ဝန်ဆောင်မှုအဖွဲ့ |
| MP | လွှတ်တော်ကိုယ်စားလှယ် |
| NGO | အစိုးရမဟုတ်သည့်အဖွဲ့အစည်း |
| RCSS | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SHAN | သျှမ်းသံတော်ဆင့် သတင်းဌာန |
| SHRF | သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင် |
| SLCA | ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း |
| SNDP | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| SNLD | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် |
| SSWDO | ရှမ်းပြည်နယ်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| SSWO | ရှမ်းပြည်နယ်အမျိုးသမီးများအဖွဲ့အစည်း |
| SWSS | ရှမ်းပြည်နယ်မှ အမျိုးသမီးကြီးများ |
| TNDP | တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| YWLT | အမျိုးသမီးငယ်များ ခေါင်းဆောင်ဖြစ်သင်တန်း |
| WLB | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |

Designed by Ying Tzarm
March 2024

SHAN WOMEN'S ACTION NETWORK
Silver Jubilee

# အမျိုးသမီးရေး

# အခြေခံသည် =

# လှုပ်ရှားမှု တည်ဆောက်ခြင်း

# ၂၅ နှစ်ပြည့် ခရီး

bitly

WWW.SHANWOMEN.ORG
@SHANWOMEN

မတ်လ
၂၀၂၄ ခုနှစ်